WWW.DHAMMARANSI.COM

လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

# သာမာဝတီ ဝတ္ထု

- ... ဥတေန် ဝတ္ထု
- ... ဃောသက သူဌေး
- ... စဏ္ဍပဇ္ဇောတ ဝတ္ထု
- ... ခုဇ္ဇုတ္တရာ ဝတ္ထု
- ... မာဂဏ္ဍီ ဝတ္ထု

(အဋ္ဌမအကြိမ်)

[illegible] အမှတ်စဉ် [illegible]

သက်သာ ၇ စာစဉ်

WWW.DHAMMARANSI.COM

## ဘုရားအလောင်းတော် သန္ဓေယူချိန်

ဘုရားအလောင်းတော် သန္ဓေယူချိန်၌ မယ်တော်မာယာ ဒေဝီ၏ အသက်သည် ငါးဆယ့်ခြောက်နှစ်, ခြောက်လ, အရက် နှစ်ဆယ်ဟူ၍ ရှေးဆရာကျော်တို့ မိန့်ဆိုတော် မူခဲ့ကြသည်။ (၅၆-နှစ်, ၆-လ, ၂၀-ရက်)။

ဤသို့ ဒုတိယအရွယ်၏ နောက်ဆုံးအပိုင်း တတိယအရွယ် မရောက်မီ အခါတွင် သန္ဓေယူရခြင်းမှာ ထိုအရွယ်၌ အမိ ဝမ်းတိုက် အညီးဟူသော ဇတ္တုအိမ်သည် သန့်ရှင်း၍နေခြင်း ကြောင့် ဖြစ်သည်။

မယ်တော်သည်ဘုရားလောင်းဖွားမြင်ပြီး ခုနစ်ရက် အကြာ နတ်ရွာစံရသည်။ ကံကုန်၍သို့ လွန်၍သော နတ်ရွာစံရခြင်း ဖြစ်သည်။ ဘုရားလောင်း ဖွားရ၍ မဟုတ်ပါ။

အလောင်းတော်နတ်သား ကြည့်ခြင်းကြီး ငါးပါးကို ကြည့် တော်မူစဉ်ကပင် မယ်တော်မာယာ၏သက်တမ်းမှာ ၁၀-လနှင့် ၇-ရက်သာ ရှိတော့ကြောင်း စဉ်းစား ဆင်ခြင်ပေသည်။

အကြောင်းမူမှာ ဘုရားအလောင်းတော် သန္ဓေကိန်းဝပ်ရာ ကြာတိုက်သည် ဘုရားစေတီ ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်ကဲ့သို့ဖြစ် အခြားသူတို့ သုံးဆောင်ရန် မထိုက်တော့သဖြင့် အလောင်း တော် ဖွားပြီး ၇-ရက်တိုင်ရုံသာ မယ်တော်၏ အသက်ကြွင်း ရှိရမြဲ ဓမ္မတာဖြစ်သည်။

### ကျေးဇူးတင်လွှာ

အကျွန်ုပ်၏ ကာယအား၊ ဉာဏအား၊ ဝီရိယအားတို့ဖြင့် ပြုစုအပ်သော ဤလက်ရွေးစင် ဓမ္မဒါနကို ငါးရာငါးဆယ် ဇာတ်ရွေးစင် စာအုပ်များကို စာကြည့်အားပေးမှု (မူပိုင်) ဝယ်ယူသဖြင့် ကျွန်ုပ်သက်ရှိထင်ရှားရှိစဉ် ကာလ၌အလှူဒါန များ ပြုလုပ်ခွင့်ရသဖြင့် စာကြည့်အား ပေးသော ကျေးဇူး တင်ရှိပါကြောင်း။

ဦးလှခင် ဦးဆန်းညွန့်ဦး

WWW.DHAMMARANSI.COM



## ဆွမ်းကပ်သူများ သတိထား

ရဟန်း သံဃာတော်တို့အား ဆွမ်းကပ်လှူသောအခါ အကပ် မြောက်ကြောင်း အင်္ဂါ ငါးပါးတို့ကို သိထားရန် လိုပါသည်။

(၁) ရွေးရှုလည်းဆောင်၊ (၂) နှစ်သက်ဖွယ်ကောင်းသော အရောင်၊ (၃) မြောက်နိုင်ဝတ္တု၊ (၄) သုံးနှုန်းခြင်း၊ (၅) ခံခြင်း နှစ်ထောက် ကျွမ်းအားသောက်၊ ကပ်မြောက် အင်္ဂါငါးပါး အသည်း။

(၁) ရွေးရှုဆောင်ယူသောအား ပစ္စည်းဖြစ်ခြင်း။

(၂) နှစ်တောင့်ထွာ အကွာအဝေး၌ ကပ်ခြင်း၊

(၃) ယာခုစသော် အားကောင်းသူအစ်ယောက်နိုင်လောက် ကိုင်မြောက်နိုင်သော ပစ္စည်းဖြစ်ခြင်း၊

(၄) ကိုယ်နှင့်ပေးခြင်း၊ကိုယ်နှင့်စပ်သောဇွန်းယောက်မ စသည်တို့ဖြင့် ပေးလှမ်းခြင်း၊နှစ်တောင့်ထွာအတွင်း၌ ပင့်မြောက် လှိမ့်ထွန်းချပေးကမ်းခြင်းသုံးမျိုးကို ဆိုသည်။

(၅) ကိုယ်ဖြင့် ခံယူခြင်း၊ ကိုယ်နှင့်စပ်သော ခွက်၊သပိတ် စားပွဲခုံ စသည်တို့ဖြင့် ခံယူခြင်းနှစ်ပါးကို ဆိုသည်။

(သုတေသန ဆရှုပ်ပြု အဘိဓမ္မာ)

မှတ်ချက်။ ။ရဟန်းတော်များအား ကပ်လှူပြီးသော ဆွမ်း စားပွဲနှင့် စားပွဲပေါ်မှ ပန်းအိုး အစရှိသော ဝတ္ထုပစ္စည်း အရပ်ရုပ်ကို မထိမကိုင် မရွှေ့ပြောင်းရပါ။

WWW.DHAMMARANSI.COM

စာမူခွင့်ပြုချက်အမှတ် .... ၃၄/၉၃()
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ....၁၂၈/၉၃(၄)
၁၉၉၂ ခုနှစ်၊ မတ်လ၊ (အဋ္ဌမအကြိမ်)
အုပ်ရေ ၁၀၀၀၊
တန်ဖိုး(၂၀-ကျပ်)

အဖုံးရိုက် ....ဒေါ်ခင်စီ (၀၁၄၇၀)
မေတ္တာမိုး ပုံနှိပ်တိုက်၊
အမှတ် ၂၂၊ ဓမ္မဝိဟာရလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ....ဦးတင်အုန်း(၀၉၄၃)
မိုးမင်းစာပေ
အမှတ် ၃၉၊ ရိပ်သာလမ်း၊
သင်္ဃန်းကျွန်း၊ ရန်ကုန်။

ပုံနှိပ်သူ ....ဒေါ်ခင်စီ (၀၁၄၇၀)
မေတ္တာမိုးပုံနှိပ်တိုက်၊
အမှတ် ၂၂၊ ဓမ္မဝိဟာရလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

ဝန္ဒနာနှင့် ဆုပန်လှာ

ပဥ္စဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊ နှစ်ဖြာမိဘ၊
များလှကျေးဇူး၊ ဂုဏ်အထူးကို၊ ကြည်နူးအဒ္ဓါ၊
ဝန္ဒနာဖြင့်၊ ဦးစွာရိုကျိုး၊ ကျွန်ရှိခိုး၏၊
ထို့ကြောင့်အာဝ၊ ဖတ်ရှုတီရ၊ ကြားနာရသည့်
သူအာအဖြာဖြာ၊ ဆည်းပူးလာသား၊ အမှများပါ၊
စပ်တွေးဝန္ဒနာ၊ ရှိခိုးအာလျှင်၊ ဤစာချောမ်းမြတ်၊
ပြုစုအပ်သည်၊ နိဗ္ဗာန်ပြည်မြို့ ရည်ဆာသည်း။

WWW.DHAMMARANSI.COM

သက်သာစာစဥ် အမှတ်(၄)

# သာမာဝတီ ဝတ္ထု

ဆက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

............................................

............................................

............................................

တို့၏ ဓမ္မဒါန အလှူတော်

နတ် လူ သာဓု ခေါ်စေသော်

ဤကောင်းမှုကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် လျင်မြန်ထိုးဖေါက်သိမြင်ပြီး နိဗ္ဗာန်ပြည်မြေသို့ ကူးမြောက်နိုင်ပါစေသတည်း။

ပြည်လုံးကျွတ် ဖြန့်ချိရေး
ဒေါ်အေးတင် နှင့် သားများ
စကြာအေးစာပေ
၂၂၄၊ ၃၈ လမ်း၊ ရန်ကုန်မြို့

စ (ဆဋ္ဌမအကြိမ်)

WWW.DHAMMARANSI.COM

## မှီငြမ်းပြု ကျမ်းများ

၁။ ပြာသာဒ်ကျောင်း ဆရာတော် အရှင်အာရုဒ္ဒသိရိ၏ဓမ္မပဒ ပါဠိတော် အဋ္ဌကထာ နိဿယ(၄)တွဲ (သာသနာ့ကျွင်)။

၂။ အရှင်စန္ဒိမာ၏ ဓမ္မပဒ ဝတ္ထုတော်ကြီး (၅) တွဲ(ရတနာ့ဝါဒီ)။

၃။ မြို့သစ်ကျောင်းတိုက်ဆရာတော် အရှင်တိဿာကာသ၏ ခေတ်မီ မြန်မာ ဓမ္မပဒဝတ္ထု။

၄။ ဦးမြင့်ဆွေ (လန်ဒန်)၏ ဓမ္မပဒ ဝတ္ထု။

၅။ ဓမ္မပဒ ပါဠိတော် နိဿယ (ပဥ္စမ)။ ဗုဒ္ဓသာသနာ့ ပုံနှိပ်တိုက်။

## ရွှေကျမ်းတော်လာ မှတ်ဖွယ်ရာများ

၁။ မဟာဗုဒ္ဓဝင် (ဗုဒ္ဓသာသနာ့နုမှု)

၂။ သုခဘာသန သရုပ်ပြ အဘိဓာန် (အရှင်ဩဘာသာဘိဝံသ)။

WWW.DHAMMARANSI.COM

# ဥတေန်ဝတ္ထု



၇/၁

WWW.DHAMMARANSI.COM



## စောင်းနှင့်မန္တန်

ရှေးသဖရောအခါ—

အလ္လကပ္ပမင်းနှင့် ဝေဌဒီပကမင်းတို့သည် ကျောင်းနေဖက် သူငယ်ချင်း ရင်းနှီးချစ်ခင်ကြသူများ ဖြစ်ကြသည်။

မင်းနှစ်ပါးတို့သည် မပြတ် တွေ့ဆုံကြ၏။ ပဋိသန္ဓေ နေကြသော၊ ဖွားမြင်ကြသော၊ သေလွန်ကြသော လူအပေါင်းတို့ကို မြင်၍ 'သေလွန်ကြသူတို့၏ နောက်သို့ အစဉ်လိုက်ပါကြသော ပစ္စည်းဥစ္စာမည်သည် မရှိ၊ မိမိ ခန္ဓာကိုယ်သည်လည်း လိုက်ပါမသွား၊ အားလုံးကိုစွန့်၍ သွားကြရသည်ချည်းသာ ဖြစ်သည်။ ငါတို့ လူ့ဘောင်၌နေ၍ အကျိုးထူးမည်မဟုတ်၊ ရဟန်းပြုကြစို့' ဟု တိုင်ပင်၍ တိုင်းပြည်သားမယား၊ စည်းစိမ် ဥစ္စာတို့ကို စွန့်ခဲ့ကြပြီး မင်းနှစ်ပါး ရဟန်းပြုကာ တောသို့ ထွက်ခဲ့ကြ၏။

ငါတို့သည် တရားရှာလို၍ တောသို့ထွက်ခဲ့ကြ၏။ စောင် နှစ်လုံးတွင် တစ်ဦးစီနေထိုင်ကြပြီး ကစ်ရက်တစ်ကြိမ် မီးထွန်း၍ အချက်ပြရန် ကတိကဝတ် ထားခဲ့ကြ၏၊ (ပုံ အပေါ်ပုံ)

တာလကြာသော် ဝေဌဒီပကရသေ့ ကွယ်လွန်၍ တန်ခိုးကြီးသောနတ် ဖြစ်၏။

ဝ၅ ရက်တစ်ကြိမ် မီးအချက်ပြသည်ကို မမြင်ရလျှင် ဝေဌ ဒီပကရသေ့ ကွယ်လွန်ကြောင်း အလ္လကပ္ပရသေ့သည် သိ၏။

ဝေဌဒီပကနတ်သားသည် အလ္လကပ္ပရသေ့ထံ နတ်အသွင် ဖြင့် သွားရောက်ဖူးမြော်ပြီး ချမ်းသာစွာ တရားကျင့်ပါ၏ လော ဟု မေး၏။

ဆင်ရိုင်းများနှောင့်ယှက်၍ ပင်ပန်းလှသည် ပြော၏။

WWW.DHAMMARANSI.COM



နတ်သားသည် အလ္လကပ္ပရသေ့အား ဆင်ကို နိုင်စေသော
ဟတ္ထိကန္တမန္တန်နှင့် ဟတ္ထိကန္တစောင်းကို ပေးအပ်၏။ (ပုံ-၂)

WWW.DHAMMARANSI.COM



ဤမန္တန်ကို ရွတ်ဆို၍ ပထမခေါင်းကြီးကိုတီးသော် မြို့ ရှေ့ကြည့်ဝံ့ဘဲ ဆင်တို့ ပြေးကြလိမ့်မည်။ ဒုတိယခေါင်းကြီးကို တီး၍ မန္တန်ကိုဆိုသော် မြို့လှည့်၍ နောက်သို့ကြည့်ကာ ပြေး မည်၊ တတိယ ခေါင်းကြီးကို တီး၍ မန္တန်ကိုဆိုသော် ဆင် တို့၏ အကြီးအမှူးဆင်သည် ကျောခင်း၍လာလိမ့်မည်ဟု ဆင် ကြီးက ပြောဆိုပြီးသော် ရသေ့ကို ရှိခိုး၍ ပြန်သွားလေ၏။

အလ္လကပ္ပရသေ့သည်၊ ထိုနေ့မှစ၍ဆင်တို့ နှောင့်ယှက်မှုကင်း၍ ချမ်းသာစွာနေရ၏။

## ဥတေနမင်း ဖွားမြင်ခြင်း

ထိုအခါ ကောသမ္ဗီပြည်၌ ပုရန္တပမင်း၏ မိဖုရားသည် ကိုယ်ဝန် အရင့်အမာနှင့် ကမ္ဗလာနီစောင်ကို ခြုံ၍ အဖိုးထိုက် သိန်းတန် မင်းတံဆိပ်ပါသော လက်စွပ်ကို လက်၌ဝတ်လျက် နန်းဆောင် ထောင်ဆောင်၌ နေပူဆာ လှုံနေ၏။

ဟတ္ထိလိင် ငှက်ဆင်ကြီးက ကမ္ဗလာနီခြုံထားသည်ကို သား စင်လစ်ခဲမှတ်၍ မိဖုရားအား သုတ်ချီသွားလေ၏။ (ပုံ-၃)

မိဖုရားသည် ငှက်ဟစ်ကြီးကို လှန့်ပါက ကြောက်လန့်၍ လွှတ်ချလိုက်လျှင် ကိုယ်ဝန်နှင့်တကွ ငါ၏အသက်ပါ ဆုံးရှုံး ပျက်စီးတော့မည်ဟု ကြံစည်၍ အသံမပြုဘဲနေ၏။

WWW.DHAMMARANSI.COM





ပုံ၁

ငှက်ဆင်ကြီးသည် ဟိမဝန္တာရှိ ညောင်ပင်ကြီး ကိုင်းခွဆုံ၌ သားငယ်ကို စားသောက်အံ့ဟု ဆင်းသက်နားလျှင် မိဖုရားသည် လက်နှစ်ဖက်ကို မြှောက်၍ လက်ခုပ်လက်ဝါးတီး၍ အော်ဟစ် ကြွေးကြော်လှန့်သဖြင့် ငှက်ဆင်ကြီး လန့်၍ ပြေးလေ၏။

နေ့ဝင်ချိန်၌ မိဖုရား၏ ကမ္မဇလေတို့သည် လှုပ်ကုန်၏။

အရပ်လေးမျက်နှာတို့၌ ထစ်ချုန်းမိုးတို့သည် သက်ကုန်၏။

နှီးစောင်ခြုံ၍ [illegible] ချမ်းသာစွာ နေခဲ့ရသော မိဖုရားအဖို့ 'သခင်မ မကြောက်ပါနှင့်' ဟု အားပေးမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိဘဲ ကမ္မဇလေ၏လှုပ်ရှားမှုနှင့် သည်းထန်လှသော မိုးကြီးအကြားတွင် ကြီးစွာသောဒုက္ခဖြင့် တစ်ညဉ့်ပတ်လုံး နေခဲ့ရ၏။

ညဉ့်ကုန်ဆုံး၍ မိုးသောက်ထွက်သော် မိုးတိမ်ကင်းစင်ခြင်း အရုဏ်တက်ခြင်းနှင့် ကိုယ်ဝန်ဖွားခြင်းတို့သည် တစ်ပြိုင်နက် ဖြစ်လေ၏။ [illegible] ချစ်ဖွယ် သားငယ်ကို အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ခဲ့၏။

WWW.DHAMMARANSI.COM



မိဖုရားသည် မိုးဥတုအခွင့်အအက် ဆောင်းဥတု အခွင့်အသက်နှင့် နွေအရှက်ဥတု အခွင့်အအက်တို့ကိုရှူ၍ ပွားမြိုင်သဖြင့် သားငယ်အား (ဥဒေန)ဟု အမည်ပေးလေ၏။

## အလ္လကပ္ပရသေ့နှင့် တွေ့ခြင်း

အလ္လကပ္ပရသေ့၏ ကျောင်းဆင်ခန်းသည် ထိုခန္ဓာ မနီး မဝေး၌ရှိ၏၊ မိုးရွာခေါင်နေ့၌ အစ်သီးရှာရန် တောသို့ခသွား၊ အနီးအနားမှ ရလျှဖြင့် ရှောင့်ရှဲ၏၊

အလ္လကပ္ပရသေ့သည် အစားအစာ အလို့ငှာ ညောင်ဖစ် အောက်သို့ရှောက်လျှင် ကလေးငိုသံကြား၍ စုံစမ်း၏၊

ငှက်စွန်ချီလာ၍ ညောင်ပင်ခွကြားတွင်သားဖွားရကြောင်း သိရလျှင် အောက်သို့ဆင်းရန် ပြော၏၊ (ပုံ-၄)

'အရှင် ဇာတိပျက်မည် ကြောက်ပါ၏' ဟု ဆို၏၊

WWW.DHAMMARANSI.COM



## မိဖုရား၏ မာယာကျော့ကွင်း

ရသေ့က 'အဘယ်ဇာတ်နည်း'ဟုမေး၏၊ 'မိဖုရား ဖြစ်သည်' ပြောလျှင် 'ငါသည် မင်းပင်တည်း'ဟု ရသေ့က ပြော၏၊ 'ဤသို့ဆိုလျှင် မင်းပရိယာယ်ကို ပြောကြားပါ'ဟု ဆို၏၊ ရသေ့က မင်းပရိယာယ်ကိုပြောကြားလျှင် မိဖုရား ယုံကြည်၍ အောက်သို့ ဆင်းမည်ဟုဆို၏၊

ရသေ့က ညောင်ပင်ဘေးတစ်ဘက်တွင် ထက်ထမ်းပြီး၍ ကာလေးကို ချပေး၏၊ မိဖုရားသည်းထိုအက်ထမ်းမှ ဆင်းခဲ့၏၊ မိဖုရားနှင့် ကာလေးတို့ကို ကျောင်းသို့ခေါ်၍ သီလပျက်စီးခြင်း ကိုမပြုဘဲ ကောင်းစွာစောင့်ရှောက်ကျွေးမွေးထား၏၊ (ပုံ-၅)



ကာလအတန်ကြာသော် မိဖုရားကာစဉ်းစား၏၊ 'ငါသည် သွားအမ်းလားလမ်းကိုသိသွားဟုတ်၊ ရသေ့နှင့်လည်းအကျွမ်း ဝင်ခြင်းမရှိ၊ ငါ့ကိုစွန့်၍သွားခဲ့သော် ငါတို့အားအမိဤနေ့မှ

WWW.DHAMMARANSI.COM



ရှိသော သေရခအောင့်အုံ၊ ရသေ့၏ သီးသီးကိုဖျက်၍ ငါ့ကို မလွှတ်နိုင်ခန့် ပြုသင်၏ဟု ကြံစည်ပြီး စေသကို ဖြားယောင်း၍ သီးသီး ပျက်စီးစေ၏။ မင်းသုဓသနှင့် မိဖုရားတို့သည် အညီအညွတ် ပေါင်း၍ နေကြကုန်၏။

ညစောင့်အရွယ်ရောက်ချိန်တွင် မင်းသုဓသသည် ကွတ်ကို ကြည့်ရင်း တောသာမှိုပြည်မှ ပုဏ္ဏပူမင်း ကွယ်လွန်ကြောင်း ပြောပြ၏။ မိဖုရားသည် ငိုကြွေး၏။ မင်းသုဓသ ထားနှစ်ပါးစွာ ပြု၍ ဖြေသိမ့်၏။

မိဖုရားက သားတော်အတွက် ငိုကြွေးမိခြင်း ဖြစ်ပါသည်။ ဆယ်ယ၍ နန်းတွင်း၌ မွေးဖွားခဲ့လျှင် မင်းအဖြစ် ရောက်ရမည်သာ ဖြစ်သည်ဟု ဆို၏။



၇/၆

ရသေ့တခစိုးရိမ်ပါနှင့်ဟု ဥဒေနအား မင်းတို့ကဆိုအပ် သော ပညာများကို သင်ကြားပေး၏။ (ပုံ-၆) ဥဒေနသည် အလွယ်နှင့် ထက်မြက်အောင် စွမ်းဆောင်နိုင်ခဲ့၏။

WWW.DHAMMARANSI.COM



## ဥဒေန ပြည်တော်သိမ်းခန်း

မင်းတို့တပ်ဖယ်သော အတက်တို့ကို တမ်းမြောက်လျှင် ရရောသည် ဥဒေနအား စောင်းကိုပေးအပ်၍ မန္တန်တို့ကို ဆင်ကြွေးပေး၏၊ မိဖုရားအား 'ချစ်နှမသည့်သင်းအားသာကောင်း စကားကို ဆိုအောသော၊ ဤအရပ်မှသွား၍ ခင်း ဖြစ်စေတော့ လတ္တံ့' ဟု ဆိုလေ၏။

မင်းသောင်မိဖုရားသည် ကောသမ္ဗီပြည် နန်းတွင်းရေးရှေ့တို့ အ မှကြွ၍ နန်းစဉ်လက်စွပ်နှင့်တကွ အမွေအနှစ်တို့ကိုပေး အပ်လိုက်၏။ (ပုံ-၇)

ဥဒေနသည် မန္တန်ရွတ်၍ စောင်းကြိုးကို တီးခတ်သော် ဆင်ပြောင်ကြီး ရောက်လာ၏။

ဥဒေနသည် ဆင်ပြောင်ကြီးကိုစီးပြီး သွားသို့တပ်၍ 'အရှင် ဆင်ခင်း၊ ကျွန်ုပ်အား အဖ၏အမွေဖြစ်သော ကောသမ္ဗီပြည်၌ မင်းအဖြစ်ကိုယူ၍ ပေးလေသော့' ဟု တိုင်တင်ပြောဆို၏။

ဆင်ပြောင်ကြီးသည်စကားကိုကြားလျှင် ဆင်သံကိုမြည်၏၊ ထောင်ပေါင်းများစွာသောဆင်တို့ စည်းဝေး ရောက်လာကြ ကုန်၏။ တစ်ဖန်ဆင်သံမြည်ပြန်လျှင် ဆင်အိုတို့ပြန်သွားကြ၏။ တစ်ဖန်မြည်ပြန်သော် ဆင်ငယ်တို့ ပြန်ကြကုန်၏။ ဥဒေနမင်း သားသည် ထောင်ပေါင်းများစွာသော ဆင်အုပ်ကြီးဖြင့် ခြံရံ လျက် လမ်းခရီးတွင် လူအင်အား စုဆောင်း၍သွား၏။

ကောသမ္ဗီပြည်သို့ရောက်လျှင် မြို့ကိုဝိုင်း၍ထားပြီး 'တိုင်း ပြည်ကိုအပ်မည်လော၊ စစ်တိုက်ခွင့်ပေးမည်လော' ဟု သသင်း

WWW.DHAMMARANSI.COM





ပို့လိုက်၏။ ကောသမ္ဗီပြည် အမတ်စစ်သူကြီးတို့က 'နှစ်မျိုးစလုံးပင် မပေးနိုင်၊ ငါတို့မိဖုရားကြီးသည် ကိုယ်ဝန်နှင့်တကွ ငှက်ဆင်ချီသွားသည်မှာ ထိုမိဖုရားကြီး ရှိသေးသည် မရှိသေးသည်ကို မသိရ။ စုံစမ်း၍ ဆိုင်းငံ့နေဆဲပင် ဖြစ်သည်' ဟု အကြောင်းပြန်၏။

WWW.DHAMMARANSI.COM



'ငါသည် မိဖုရားကြီး၏ သားတည်း' ဟု ဆိုပြီး အဓိက စစ်သူကြီးတို့၏အမည်တို့ကို ပြော၍ နန်းစဉ်ပတ္တမြားလက်စွပ် နှင့်တကွ ကမ္ဗလာနီတို့ကို ထုတ်၍ပြ၏၊ ကောင်းစွာ မှတ်မိ၍ မြို့တံခါးကိုဖွင့်လှစ်ကာ ဥဒေန မင်းသားကို မင်းအဖြစ် အဘိသိက်သွန်းလေ၏။

# ကောသမ္ဗီပြည်

ဥဒေနမင်း လက်ထက်တွင် ကောသမ္ဗီ ပြည်ကြီးသည် အလွန် စည်ကားကြီးကျယ်လှ၏၊

ဃောသကသူဌေးသမီး သာမာဝတီကို မောင်းမငါးရာနှင့် တကွ မိဖုရားမြှောက်၏။

ဘုရားရှင်အား ရန်ငြိုးထားသော မာဂန္ဒီအား မိဖုရား မြှောက်၍ မောင်းမငါးရာနှင့် ထား၏။

စဏ္ဍပဇ္ဇောတမင်း၏ သမီးတော် ဝါသုလဒတ္တာကို စွန့်စွန့် စားစား ခိုးယူခဲ့ပြီး မိဖုရားမြှောက်၏၊

ဥဒေနမင်းသည် မိဖုရား အချောအလှများ ဝန်းရံ အလောက် စစ်အင်အား ကြီးမားလှ၏၊ အမှားအမှန်ချင့်ချိန် ဝေဖန်နိုင်သော ဉာဏ်စွမ်းလည်း ရှိ၏၊

ဘုရားရှင် သာသနာတော်သည် ဥဒေနမင်းလက်ထက်တွင် ကောသမ္ဗီပြည်၌ ထွန်းကား၏။

မြတ်စွာဘုရားသခင် ဝါတော်နှစ်ကြိမ်ဆိုရာအရပ် ဖြစ်၏။

WWW.DHAMMARANSI.COM

# ဃောသက ဝတ္ထု

## ဃောသက၏ ဘဝအစ

အလ္လကပ္ပတိုင်း၌ ကပ်ရောဂါဆိုးကြီးကျရောက်၏။ မြွေဆိပ်ပမာ ကူးစက်တတ်သော ရောဂါဖြစ်၍ လူပေါင်းများစွာ သေကြ၏။

ကောတုဟလိကနှင့် ကာဠီအမည်ရှိသော သူ၏မယား နှစ်ယောက်တို့သည် ကာပိအမည်ရှိသော မွေးဖွားစ သားငယ်ကို ပွေ့ချီကာ ကောသမ္ဗီပြည်သို့ ပြေးခဲ့၏။

သူတို့သွားကြစဉ် လမ်းတွင် ရိက္ခာကုန်၍ ငတ်မွတ်ခြင်း နှိပ်စက်သဖြင့် သားငယ်ကို ချီသွားရန် မတတ်နိုင်၊ လင်ဖြစ်သူက 'ရှင်မ ငါတို့အသက်ရှင်လျက် ထပ်ဖန်၍ သားကိုရလတ္တံ့၊ သားငယ်ကို စွန့်၍ သွားကြကုန်စို့' ဟု မယားအား တိုင်ပင်၏။ မယားက 'အကျွန်ုပ် အသက်ရှင်စဉ် သားကိုမစွန့်နိုင်' ဟုဆို၍ အလှည့်ဖြင့် သားကို ချီပိုး၍ သွားကြ၏။ အဖအလှည့် ရောက်သောအခါ လမ်းတွင် မယားမသိအောင် ချုံတစ်ခုအကြား၌ သိပ်ထားခဲ့သည်။ (ပုံ-၉)

WWW.DHAMMARANSI.COM





အမိအသိ ... ဒါ သားငယ်မပါလျှင် ခရီးဆက်၍သွား ပေတော့ ဟု ဆိုသဖြင့် ချုံကြားမှကောက်ကာ ချီပိုး၍ပြန်၏။ ဤသို့ မယားမသိအောင်ပစ်လိုက်၊ ပြန်ကောက်လိုက်နှင့် ခုနစ်ကြိမ်တိုင်ပြုခဲ့ရာ၊ သားငယ်သည် သေဆုံးသွားလေ၏။ ထိုယောကျ်ားသည် သားငယ်ကို စွန့်ပစ်ခဲ့သော အကျိုးဆက်ကြောင့် ဘဝဆက်ပါး၌ ခုနစ်ကြိမ်တိုင်တိုင် အစွန့်ပစ်ခံခဲ့

WWW.DHAMMARANSI.COM



ရလေ၏၊ မကောင်းမှုမည်သည်ကို အနည်းငယ်မျှသာဟု မထိမဲ့မြင် မပြုအပ်ပေ။

### ဝေတနာဒေဝီနှင့် လားရှုဂတ်

ထိုသို့သွားကြကုန်သော် နွားကျောင်းသားအိမ်အစ်အိမ်သို့ ရောက်ကြ၏၊ ထိုနေ့၌ နွားကျောင်းသားအိမ်၌ နို့ညှစ်မင်္ဂလာ ဖြစ်လေ၏၊

နွားကျောင်းသားအိမ်၌ အရှင်ပစ္စေကဗုဒ္ဓါ တစ်ပါးအညွှံပြုတ် ဆွမ်းဘုဉ်းပေး၏၊ နွားကျောင်းသားသည် အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းဆပ်၍ မင်္ဂလာပြု၏၊ နို့သနာများစွာကို ဝီရင်ချက်ပြုတ်၏၊




နွားကျောင်းသားသည် ထိုလင်မယားကိုမြင်၍ 'အဘယ်မှ လာသနည်း' ဟု မေးသော် (ပုံ-၁၀) အဖြစ်စုံ ပြောကြားခ

WWW.DHAMMARANSI.COM



အဖြင့် သနပ်ဖက်ကြင်နံ့သာ ထောပတ်များစွာဖြင့် နို့သနပ်ခဲကို ပေး၏၊ မယားသည် လင်ယောကျ်ားအား ပုံပေး၍ မိမိအမှု အနည်းငယ်သာ စား၏၊ လင်ယောကျ်ားသည် ခုနစ်ရက်၊ ရှစ်ရက် ငတ်ခဲ့သဖြင့် အာဟာရ၌ မဖြတ်နိုင်ဘဲ များစွာ စားသောက်၏။

နွားကျောင်းသမားသည် မိမိစားရန် ပြင်ဆင်စားသောက်၏၊ ခရီးသွား ကောတုဟာလိကသည် နွားကျောင်းသား ထမင်းစားသောက်နေသည်ကို ကြည့်နေ၍ အင်ပျဉ်အောက်၌ အိပ်နေလော ခွေးမအား နွားကျောင်းသမားက နို့သနပ်ခဲ ကျွေး၏။



WWW.DHAMMARANSI.COM



ဇာနေတုဟာ လိင်္ဂဇယေနကျော်မြင်လျှင် သူဌေးအိမ်အား ခွေးမသည် ဆံကောင်းမထေရ်၊ သူဌေးအိမ်မှာ ခွေးဖြစ်ရအောင်က မြတ်သေး၏ဟု ကြံမိပေသေး၏ (ပုံ-၁၁) ညဉ့်သို့ ရောက်လျှင် စား သောက်စရာအစာ မစားကြနိုင်ဘဲ ငေးလွန်နေ၏။

ဇေတဇေတာ အားကျမိသော စိတ်ဓာတ်၏ စွဲအမ်းမှုကြောင့် ထိုခွေးမကြီး ဝမ်း၌ ပဋိသန္ဓေ တည်လေ၏။

မယားဖြစ်သူသည် ရှေ့သို့ ခရီးမဆက်နိုင်ဘဲ ထိုအိမ်မှာပင် အခစားလုပ်၍ နေ၏။ အခစားပြုရသော ဆန်အစလယ်ကို ချက်၍ ဇာနေတုဘာလိကအား ရည်ရွယ်၍ အရှင်ပစ္စေကဗုဒ္ဓါ အား လှူ၏။ ပါကြ်အိမ်၌ နေ့ရက် သင့်၏၊ ရှင်မြတ်အား ကျွဲအိမ်သို့ ပြန်ပြီ ကြွလာသဖြင့် လှူနိုင်သည်ဖြစ်စေ၊ မလှူ နိုင်သည်ဖြစ်စေ နေ့စဉ် မှီခိုခြင်း ဝေယျာဝစ္စ ပြုခြင်းဖြင့် ကုသိုလ် ပွားများနိုင်လိမ့်မည်ဟု ထိုအိမ်၌ အခစားလုပ်၍ နေ၏။

ခွေးမကြီးမှ တစ်ကောင်သည်း ခွေးကလေး မွေးဖွား၏။ ခွေးကလေးသည် လိမ္မာ၏၊ အရှင် ပစ္စေကဗုဒ္ဓါသည် နေ့စဉ် ထမင်းဆွမ်းဆုပ်ကို ပေး၏။ အိမ်ရှင်သည် တောရကျောင်းရှိ အရှင် ပစ္စေကဗုဒ္ဓါထံ သွားရောက်၏၊ ခွေးကလေးသည် အမြဲ လိုက်သွား၏။

'အရှင်ဘုရား၊ တပည့်တော် လာရောက်မပင့်နိုင်လျှင် ခွေး ကလေးကို လွှတ်လိုက်ပါမည်' ဟု လျှောက်ထား၏။

WWW.DHAMMARANSI.COM



## သဒ္ဓါစိတ်ကြောင့် နတ်သားဖြစ်ရပုံ

နံနက်အခါတွင် ခွေးကလေးသည် အမြဲ သွားရောက် ပင့်ရ၏။

ခွေးကလေးသည် သူ့သခင်ပြုသမျှ မှတ်သားထား၏။ ထို့ သခင်သည် အရှင်မြတ်ကိုရှေ့မှသွားစေ၍ ခြေသွားလမ်းဘေးရှိ ချုံပုတ်တို့ကို တုတ်ဖြင့်ရိုက်ကာ တုတ်ဖြင့်ရိုက်ကာ တောသံပေး၍ မောင်းချပြီး ချုံအတွင်း၌ ခိုအောင်းနေသောသားတောကောင်၊ မြွေကောင်းများကို ခြောက်လှန့်နှင်ထုတ်၍ သွားလေ့ရှိ၏။ (ပုံ-၁၂)



ခွေးကလေးသည်လည်း အရှင်မြတ်ရှေ့မှသွားကာ အသံကျယ်စွာဟောင်၍ သားကောင်၊ ဆောကြောင်၊ မြွေကောင်း

WWW.DHAMMARANSI.COM



တို့ကို ထွက်ပြေးစေရန် ချုံနွယ်တို့ကို နှင်၍ အုပ်ကာ၊ အုပ်ဆော အရှင်မြတ်ရှေ့မှ သွားလေ့ရှိ၏။

ခွေးကလေးသည် အရှင်မြတ်ကို ချစ်ခင်၏၊ ကြည်ညို၏။ ကာလကြာမြင့်သော် အရှင်မြတ်သည် သင်္ကန်းချုပ်ရန် ဂန္ဓမာဒနတောင်သို့ ကြွရောက်မည့်အကြောင်း အိမ်ရှင်အား ပြောကြား၏။

အိမ်ရှင်နှင့် ခွေးကလေးတို့သည် တောစပ်အထိ အရှင်မြတ်အား လိုက်၍ ပို့ကြ၏။ တောစပ်အရောက်တွင် အရှင်မြတ်သည် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွလေ၏။




ခွေးကလေးသည် ကောင်းကင်သို့ မော့ကြည့်၍ အရှင်မြတ် ပျောက်ကွယ်လေလျှင် ကြည်ညိုလေးသော စိတ်ဖြင့် အသည်ကို ဆန့်၍ ရှည်လျားစွာအူရင်း (ပုံ-၁၃) ရင်ကွဲနာကျ၍ ထိုနေ့ညမှာပင် သေဆုံးသွားရှာ၏။

WWW.DHAMMARANSI.COM



ကံ ကံ၏အကျိုးတရားသည်အံ့ဖွယ်ရှိလှ၏။ ခွေးကားအားသည် လွန်ကဲသော သဒ္ဓါစိတ်ဖြင့် သေဆုံးရခြင်းဖြစ်ရှာ အိပ်သော ယောက်ျားနိုးသော်လားသို့လျှပ်တစ်ပြက်ပင် တာဝတိံသာ၌ နတ်သမီးတစ်ထောင် ခြံရံသောနတ်သား ဖြစ်လေ၏။ (ပုံ-၁၄)




ခွေးဘဝက အရှင်ပစ္စေကဗုဒ္ဓါအား အန္တရာယ် ကင်းစေရန် ကျယ်လောင်စွာဟောင်၍လှူဒါန်းခဲ့သော အသံကြောင့် နတ်ပြည်၌ အသံအကျယ်ဆုံးသော နတ်သားဖြစ်၍ 'ဃောသကနတ်သား' အမည်တွင်၏။

ပဌမအကြိမ် ဝဋ်ကြွေးခံရခြင်း

ကုသိုလ်အဟုန်ကြီးမားစဉ် အကုသိုလ်ကံသည် အကျိုးပေးခွင့်မရချေ။ ကုသိုလ်အရှိန် ကုန်လေလျှင် အကုသိုလ်ကံ၏ အကျိုးဆက်သည် ထင်ရှားလာ၏။

WWW.DHAMMARANSI.COM



ဧကေဒသာနတ်သားသည် နတ်ပြည်၌ ကာမဂုဏ် စည်းစိမ်တို့ ခံစားရ၍ သတိလွတ်ကင်းကာ အာဟာရကုန်၍ ရွှေ့လျော ပျောက်ကွယ်ခဲ့ပြီးနောက် ကောသမ္ဗီပြည်ရှိ ပြည့်တန်ဆာမ စမ်း၌ ပဋိသန္ဓေတည်နေ၏။ ပြည့်တန်ဆာမ တို့သည် သမီး မိန်းကလေးကိုသာ မွေးမြူလို၏၊ သားယောကျ်ားကို အလို မရှိကြချေ၊ သားယောကျ်ား ဖြစ်သဖြင့် ဆန်ကောစုတ်တွင် ထည့်၍ အမှိုက်ပုံ၌ စွန့်ပစ်လိုက်၏။ (ရှေးအခါက သားငယ်ကို စွန့်ပစ်သော ကံ၏အကျိုးဆက်တည်း)။



သူငယ်ကို ကျီးများ၊ ခွေးများသည် ဝိုင်းရံ၍ စောင့်နေကြ ကုန်၏၊ အရှင်ပစ္စေကဗုဒ္ဓါအား ချစ်ခင်ကြည်ညိုစွာ ပေါင်ခြင်း၊ အူခြင်းအကျိုးဆက်ဖြင့် ကျီးခွေး ယစ်ကောင် တစ်ကောင်မျှ မထောင်ဝံ့ကုန်။ (ပုံ-၁၅) ထိုနောက် လူတစ်ယောက်က တွေ့ပြီး ချစ်ခင်သနားသဖြင့် အားရွှေ့စာအောက်ယူ၍ မွေးမြူ၏။

WWW.DHAMMARANSI.COM



## ဒုတိယအကြိမ် စဉ့်ခကြွးခံရခြင်း

ထိုနေ့ နံနက်တွင် ဓနာသမ္မိပြည် သူဌေးကြီးသည် နန်းတော်သို့အသွား ပုရောဟိတ်ပုဏ္ဏားနှင့်တွေ့၍ ယနေ့ဂြိုဟ်သွားနက္ခတ်ထိုက်မေး၏။ တိုင်းပြည်အတွက် ထူးခြားမှု ရှိပါ။ သို့သော် ဤမြို့၌ ယနေ့နံနက်မွေးသော ကလေးသည် ဓနသမ္မိပြည်၌ သူဌေးကြီးဖြစ်လိမ့်မည်ဟု ပြော၏။ (ပုံ-၁၆)




သူဌေးကြီးသည် လူယုံတစ်ဦးကို အိမ်သို့စေလွှတ်၍ သူဌေးကတော်သားဖွားသည် မဖွားသည်ကို ကြည့်စေ၏။ ဖွားမြောကြောင်းသိလျှင် မင်းနှင့်တွေ့ပြီး အိမ်သို့အမြန်ပြန်၍ ထောင်အစည်ရှိကျပ်ငွေအား အသပြာတစ်ထောင်ပေး၍ ယနေ့နံနက်

WWW.DHAMMARANSI.COM



မွေးခဲ့သောကလေးကိုစုံစမ်း၍ တွေ့လျှင်အသပြာတစ်ထောင်နှင့် ဝယ်ခဲ့ဟု စေလွှတ်၏၊ ကာဠိသည် စုံစမ်း၍ဝယ်ခဲ့၏။

သူဌေးကြီးသည် သူငယ်ကို ကျွေးမွေး၍ မိမိ၌ သမီးမွေးလျှင် ထိုသူငယ်နှင့် ပေးစားမည်၊ သားမွေးပါက ထိုအငယ်အားကို သတ်ပစ်ရမည်ဟု အတွင်းလူယုံ ကျွန်မ ကာဠိအား မှာကြား၍ ကလေးကို ပေးအပ်ထား၏။

မကြာမီ သူဌေးကတော်တွင် သားယောကျ်ား ကလေး မွေးဖွား၏၊ သူဌေးသည် ဝယ်ယူလာသောကလေးကို နံနက်စောစော နွားခြံမှ နွားများထွက်ချိန်တွင် ဤသူငယ်ကို ထန့်ဓန့်သိပ်၍ထားဟု မှာလိုက်သည်၊ ကာဠိသည် ဆိုတိုင်းပြု၏။

ကလေးငယ်သည် ကျယ်လောင်သော အသံဖြင့် ငို၏၊ နွားခြံဖွင့်၍ လွှတ်လျှင် နွားလား ဥသဘကြီးသည် ရှေ့ဆုံးမှ ထွက်လာ၍ ကလေးကို(ပုံ-၁၇)ခြေလေးဘက်အကြား၌ ထား၍ နွားတို့သည် နွားအုပ်ဥသဘကို ကွေ့၍ ထွက်သွားကြ၏။



WWW.DHAMMARANSI.COM



ဤအဖြစ်အပျက်ကိုမြင်သော နွား၊ထိန်းသည် ကလေးငယ်ကို ကောက်ယူ၍ ကျွေးမွေးပြုစုလေ၏။

ကာဠဂေါတသူဌေးအား မြင်သမျှ ပြော၏။ သူဌေးကြီးက ဤကလေး သေမှဖြစ်မည်၊ အသပြာတစ်ထောင်ဖြင့် ဝယ်ယူချေဟု စေလိုက်ပြန်၏၊

## တတိယအကြိမ် ဝဋ်ကြွေးခံရခြင်း

ထိုကလေးမှာ အသံကျယ်သဖြင့် ဃောသကဟု ခေါ်၏။ သူဌေးသည် ကာဠဂေါအား ယနေ့နံနက်မိုးမလင်းမီလှည်းငါးရာ ထွက်ကြမည်၊ ကလေးကိုလှည်းလမ်းတွင်ချထား၊ လှည်းငါးရာ နင်း၍စိစိညက်ညက် ကြေသည်ကို မြင်ပြီးမှ ပြန်ခဲ့ဟု ခိုင်း၏။




လှည်းငါးရာ မှောင်ထဲမှ ထွက်လာကြ၏။ ရှေ့ဆုံးလှည်းမှ နွားတို့သည် ကလေးငိုသံကြား၍ ရှေ့မတိုးရဲ(ပုံ-၁၈)၊ လှည်း

WWW.DHAMMARANSI.COM



ဆာစေးသည် ဆင်းရှိကြည့်၏၊ ဆာလေးငယ်ကို တွေ့လျှင် ချစ်ခင်ထောက်စိတ်ဖြင့် ကောက်ယူကာ လှည်းပေါ် တင်ယူသွား၏။

ကာဠိသည် သူဌေးအားမြင်သမျှ ပြောပြ၏။ သူဌေးသည် အသပြာ တစ်ထောင်ပေး၍ သူငယ်ကို ဝယ်စေပြန်၏၊

## စတုတ္ထအကြိမ် ဝဋ်ကြွေးခံရခြင်း

သေသကာအား ညဥ့်အချိန် လူသေတို့ပစ်ရာ သုဿန်တွင် ပစ်ထား၍ (ပုံ-၁၉) ခွေးအ များစွာစားပြီး အရိုးချည်းကျန်မှ ပြန်ခဲ့ဟု ခိုင်းအပ်ဖြင့် ကာဠိသည် ကလေးကို သုဿန်၌ ပင်ထားခဲ့ပြန်၏။




ခွေးအ တို့သည် ဝိုင်းရံစောင့်ကြပ်၏၊ ကလေး၏အာနုဘော်ကြောင့် အနီးသို့ ချဉ်းကပ်ရန်ပင် မစွမ်းနိုင်၊

ထိုသူငယ်ကို အမိကလည်းမစောင့်ရှောက်၊ အဖကလည်းမစောင့်ရှောက်၊ အဘယ်သူ စောင့်ရှောက်သနည်း ဟူမူကား ခွေးဝယ်

WWW.DHAMMARANSI.COM



ဖြစ်စဉ်က အရှင်ပစ္စေကဗုဒ္ဓါ၌ ချစ်ခင်၍ဖြစ်သော ကောင်းခြင်း အကျိုးပြုရုံမျှသော ကုသိုလ်ကံက သူငယ်ကိုစောင့်ရှောက်လေ၏။ နံနက်မိုးလင်းလျှင် ဆိတ်ကျောင်းသားများသည် ဆိတ်ကို လွှတ်၏။ နို့စားဆိတ်ကြီးသည် ကလေးငယ်ကိုမြင်လျှင် သားရ ကဲ့သို့ ချစ်ခင်ခြင်းဖြင့် ကလေးငယ်အပေါ်မှ ခွ၍ရပ်ပြီး ဒူး ထောက်ကာ ပါးစပ်အတွင်းသို့ နို့များချပေး၏။

ဆိတ်ကျောင်းသားသည် ကလေးငယ်ကိုမြင်လျှင် ချစ်ခင် ၏၊ ငါ့အား သားရပြီဟု အောက်မေ့သွား၏၊ တဇ္ဇ°သည် သူဌေးအား မြင်သမျှ ပြောပြ၏။ အသပြာတစ်ထောင်ပေး၍ ဝယ်နေပြန်၏။

## ပဉ္စမအကြိမ် ဒုက္ခကြီးခံရပြန်ခြင်း

သူဌေးကြီးသည် ပို၍ ဒေါသပြင်းထန်လာ၏၊ ကလေးအား မြို့စွန်ရှိ အမြင့်ဆုံးသော ချောင်းကမ်းပါးမှ ပစ်၍ ချနိုင်းပြန်၏။ တဇ္ဇ°သည် ခိုင်းတိုင်းလုပ်ရရှာ၏၊

ချောင်းကမ်းပါးယံတွင် ဝါးပင်တို့သည် အဆင့်ဆင့်ပေါက် နေ၏၊ ထိုဝါးရုံကြီးတို့အပေါ်တွင် ချင်းရွှေငယ်တို့ ဖုံးအုပ် နေသည့် လေ့လာသကဲ့သို့ အောက်ဖော်ပေါ်သို့ ပစ်ချလိုက် ကဲ့သို့ တည်၏၊ သန့်၍ ခေါ်လိုက်၏။

ထိုဝါးခုတ်ရန်လာကြသော ဝါးထရံယက်သူတို့သည် အလေး ငိုသံကြားရ၍ ခက်ခက်ခဲခဲ အကြည့်ကြ၏။ ကလေးကို တွေ့ကြ လျှင် ချစ်ခင်ကြ၍ အိမ်သို့ယူသွားကြ၏၊

တဇ္ဇ°သည် သူဌေးကိုပြောပြ၏၊ ထရံယက်သူတို့ကို စုံစမ်း ပြီး အသပြာတစ်ထောင်ပေး၍ ဝယ်ယူခေါ်ပြန်၏။

WWW.DHAMMARANSI.COM



## အကုသိုလ်ကံနှင့် ကုသိုလ်ကံ

မကောင်းစိတ်ဖြင့် ကြံစည်ပြောဆိုပြုလုပ်သူအား မကောင်းမှုကံသည် (နွားခြေရာသို့ ထက်ကြပ်လိုက်နေသော လှည်းဘီးကဲ့သို့) အ၀မျှားစွာပင် ထပ်ကြပ်မကွာ လိုက်လေတည်း။

ကောင်းသောစိတ်ဖြင့် ကြံစည်ပြောဆို၊ ပြုလုပ်သူအား ကောင်းမှုကံတို့၏အရိပ်သည် သွားလေရာ၌ ထက်ကြပ်မကွာ လိုက်သကဲ့သို့ ထိုသူနှင့်အတူ ထက်ကြပ်မကွာ လိုက်လေသည်။

ဃောသကသည် ရှေးဘ၀က သားငယ်ကို စွန့်ပစ်ခဲ့သော အကုသိုလ်ဒဏ်ကို ဆက်တိုက် ခံနေရ၏။

သို့သော် ရှေးကလေးဘ၀၌ အရှင်ပစ္စေကဗုဒ္ဓအား ကြည်ညိုချစ်ခင်ခဲ့သော ကုသိုလ်စိတ်စေတနာသည် ဃောသကအား သူဌေးကြီးမှတစ်ပါး မြင်မြင်သမျှ ချစ်ခင်ကြ၏။ အရှင်ပစ္စေကဗုဒ္ဓအား ဓတ်စတောင်း၊ တောကြောင်၊ မြွေ၊ ကင်း၊ တို့ အန္တရာယ်မှ ကင်းစေရန် စောင့်ရှောက်ပြုမှု လုပ်ကိုင်ခြင်း၊ သည် အကြိမ်ကြိမ် သေကြောင်းကြံသော်လည်း မသေနိုင်ခဲ့ပေ။

## ဆဋ္ဌမအကြိမ် ဝဋ်ကြွေးခံရခြင်း

သူဌေးသည် ဃောသကအပေါ်၌ ဆူးငြောင့်ကဲ့သို့ ဖြစ်နေ၏။ သတ်ရန် အမြဲကြံနေ၏။

အရွယ်တင်သော အတန်ကြီးပြင်းလာခဲ့လျှင် သူဌေးကြီးသည် အိုးဖုတ်သူတစ်ယောက်ထံသွား၍ 'ဘယ်အခါ အိုးဖုတ်မည်နည်း' ဟု မေး၏။ 'နက်ဖြန်ဖုတ်မည်' ဟုဆိုသဖြင့် 'အသပြာ

WWW.DHAMMARANSI.COM



အစ်ဆောင်ဖြင့် ငါ့ကိစ္စကိုဆောင်ရွက်ပါ'ဟု ဆို၏၊ 'မည်သို့ဆောင်ရွက်ရမည်နည်း'ဟုမေးသော် 'ငါ့သားတစ်ယောက်မှာ အလွန်ဆိုးသွမ်းသည်၊ ထိုသားဆိုးကို ငါလွှတ်လိုက်လျှင် ပဲခွပ်ထက်ထက်ဖြင့် ဆပိုင်းပိုင်းခုတ်ဖြတ်လျက် အိုးဖိုအတွင်း၌မီးဖြင့် ဖုတ်လော၊ ဤအသပြာအစ်ဆောင်သည်စရိတ်မျှသာ ရှိပေသည်' ဟု ပြော၏၊ အိုးထိန်းသည်က 'ကောင်းပြီ'ဟု ဝန်ခံ၏။

အိုးဖုတ်မည့်နေ့တွင် ဃောသကအား မြို့ပြင်ရှိ အိုးဖုတ်သူထံ သွားရန်လွှတ်၏၊ ဃောသကသည် ဖခင်စေလွှတ်သည့်အတိုင်း သွားရာ မြို့တံခါးဝအရောက် ညောင်ပင်အောက်တွင် ခုံညင်းဒိုးကစားနေသော သူဌေးသားအငယ်ကတွေ့၍ 'အစ်ကို၊ ကျွန်တော် ခုံညင်းရှုံးနေ၍ ကူကစားပေးပါ'ဟုဆို၏၊ 'ငါ့တွင်ဖခင်ခိုင်းထား၍ သွားရပါမည်'ဟုပြောရာ 'ဖခင်ခိုင်းထားသည်ကို ကျွန်တော်သွားပါမည်၊ နိုင်အောင်ကစားပေးပါ'ဟု ဆိုပြီး သူဌေးသားအငယ်က အိုးဖိုသို့သွား၏၊ အိုးထိန်းသည်လည်း သူဌေးမှာသည့်အတိုင်း သူငယ်ကို ခုတ်ထစ်သတ်ဖြတ်ပြီး မီးဖိုတွင်းသို့ ထည့်လိုက်တော့၏၊

ဃောသကသည် နေဝင်၍ ခုံညင်းဝိုင်းသိမ်းသည့်တိုင်ညီပြန်မလာသဖြင့် အိမ်သို့ပြန်ခဲ့၏၊ သူဌေးက တအံ့တသြ 'အိုးဖိုကို မသွားဘူးလား'ဟု မေး၏၊ 'ညီငယ်က ခုံညင်းရှုံး၍ ကူကစားပေးရ၏၊ အိုးဖိုကို သူသွားပေးမည်ပြောပြီး သွားပါသည်'ဟု ပြော၏၊

WWW.DHAMMARANSI.COM





သူဌေးသည် ရင်ဘတ်ကိုတီး၍ အိုးဖိုသို့ပြေး၏။ အိုးဖုတ်သူ (ပုံ-၂၈) ‘စိတ်ချပါ၊ ကိစ္စတုံးလိုက်ပါပြီ’ ဟု ပြော၏။ သူဌေးကြီးမှာ တောင်ကဲ့သို့ကြီးမားသော ဒေါသဖြင့် ဖိကြိတ်အပ်သည်ဖြစ်၍ အတိုင်းမသိသော နှလုံးမသာယာမှုကို ခံစားရလေ၏။

မပြစ်မှားအပ်သူကို ပြစ်မှားသူသည် ဤသို့ နှလုံးမသာယာမှုကို ခံစားရတတ်ကြောင်းနှင့် ဒဏ်ဆယ်ပါး ဆိုင်ရာ ဂါထာတို့ကို ဟောကြားတော်မူထားသော် ယင်းဂါထာများသည် ဒဏ္ဍဝဂ် ပါဠိပါသည်။

WWW.DHAMMARANSI.COM



## ခုနစ်ကြိမ်မြောက် လုပ်ကြံခံရခြင်း

ဃောသကကို သူဌေးသည် ခေ့ခေ့ပင် မကြည့်လိုတော့၊ ဘယ်သို့ သတ်ရမည်နည်းဟု ကြံစည်နေ၏။

ငါပိုင်စားရာ ရွာတစ်ရွာရှိ ငါ၏ လယ်စားလှယ်ထံ စာ လွှတ်၍ သတ်စေအံ့ဟု စဉ်းစား၍...

'ယခုလာသူသည် ငါ၏သားဆိုးဖြစ်၏၊ ဤသားဆိုးကို သတ်၍ မစင်ကျင်း၌ ချလော့၊ ဤသို့ဖြစ်ပြီးလျှင် ငါသည် ဦးရီးတော်အား ကျေးဇူးပြုဖွယ်ကို နောက်၌သိပါအံ့'

ဟု စာရေးသားလျက် ဃောသကအား စေလွှတ်၏။

ဃောသကကို စာမသင်ကြား မပေးခဲ့၊ စာမဖတ်တတ်၍ မိမိအား သတ်ဖို့ရေးထားသောစာကိုပင် ပုဆိုးစွန်း ပုံစ၌ထုပ် ချည်၏။ ထွက်ခွာခါနီးတွင် 'လမ်း၌ စားသောက်ရာ ရိက္ခာ မရှိပါ' ဟု ပြောလေလျှင် 'လမ်းခရီးအကြား ဤမည်သော ရွာ၌ ငါ၏မိတ်ဆွေ သူဌေးတစ်ဦး ရှိသည်။ ထိုသူဌေးအိမ်၌ နံနက်စာစား၍ ရှေ့သို့ခရီးဆက်သွားလေလော့' ဟု မှာကြား၏။ ဃောသကသည် ဖခင်ကို ရှိခိုး၍ ထွက်ခွာသွား၏။

### ရှေးရေစက်ကံ ဖန်လာပြန်

လမ်းခရီးအကြားရှိ သူဌေးအိမ်သို့ ရောက်၏။ သူဌေး ကတော်ကို တွေ့ရလေ၏။ သူဌေးကတော်က မေးသော်... ကောသမ္ဗီသူဌေးသား ဃောသက ဖြစ်ကြောင်း သိရသော်... သားအရင်းကဲ့သို့ ချစ်ခြင်းဖြစ်၏။

ဤသူဌေး၌ ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်အရွယ် အလွန်လှပချောမောသော သမီးပျိုတစ်ယောက် ရှိ၏။ တစ်

WWW.DHAMMARANSI.COM



ယောက်ဘည်းသော ခိုင်းစေရာ ကျွန်မကို ပေးထားပြီး ဘုံခုနစ်ဆင့် ပြာသာဒ် အထက်၌ နေစေ၏။

သူဌေးသမီးသည် ထိုခဏ၌ အခိုင်းအစေကျွန်မကို ဈေးသို့ လွှတ်၍ သူဌေးကတော်က ကျွန်မကိုမြင်၍မေးလျှင် ''အရှင် သမီးခိုင်း၍ ဈေးကိုသွားမည်''ဟု ပြော၏။

''သမီးခိုင်းတာ ထားပါဦး၊ ဒီမှာ အရင်လာပြီး ငါ့သားအတွက် အင်ပျဉ်ကိုခင်း၍ ခြေဆေးပေးပြီး ခြေနယ်ဆီလိမ်း၍ အိပ်ရာခင်းပါဦး''ဟု ပြော၏။ ကျွန်မလည်း ခိုင်းသည့်အတိုင်း လုပ်ပေး၏။

ဈေးအပြန် ကြာလှန်း၍ သူဌေးသမီးက ကျွန်မကို ဆူ၏။ ကျွန်မက ''ဆောသမ္မိ သူဌေးသား ဃောသကအတွက်'' လုပ်ပေးနေရ၍ ကြာပါသည်ဟု ပြော၏။

သူဌေးသမီးသည် (ဃောသက)ဟူသော အမည်ကို ကြား လိုက်သည်နှင့် နှလုံးပီတိ ရှိးတွင်းခြင်ဆီထိအောင် ခိုက်လေ၏။ မှန်၏။ တောင်ဝလိက ဘဝက ဇနီးဟောင်းသည် နွားကျောင်း သားအိမ်၌ အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခဲ့သောတောင်း မှုကြောင့် သူဌေးသမီးဖြစ်ခဲ့ပြီး ရှေးရေစက်ကြောင့် အမည်ကို ကြားရုံနှင့် ချစ်ခင်ခြင်း ဖြစ်၏။

ထို့ကြောင့်ပင် ကြီးဖြူ-ကြာပဒုမ္မာနှင့် ရေတို့ကဲ့သို့ ရှေးဘဝက ချစ်ချစ်ခင်ခင် နေခဲ့ဖူးခြင်း၊ ယခုဘဝ၌ အကျိုးဆောင်ခြင်းတို့ကြောင့် ဤသို့ ချစ်ခင်ခြင်းဖြစ်ရ သည်ဟု မြတ်စွာဘုရား ဟောတော်မူလေသည်။

WWW.DHAMMARANSI.COM



## သူဌွေးသမီး၏ ဉာဏ်

'ယောကျ်ား အဘယ်မှလာနည်း' ဟု မေးသော် 'အိပ်ရာထက် အိပ်ပျော်နေသည်' ဟု ဖြေ၏။ 'သူ့တွင် ဘာပါသနည်း' ဟု မေး၏။ 'ပုဆိုးစွန်၌ စာတစ်စောင်ပါသည်' ဟု ပြော၍ သိရအောင် လျှင် မိဘများမမြင်စဉ် ပြာသာဒ်ထက်မှ ဆင်း၍ ယောကျ်ား အနီးသွား၍ စာကိုဖြေပြီး မိမိတိုက်ခန်းတွင်းသို့ဝင်၍ စာကိုဖတ်လေ၏။ (ပုံ-၂၁)



WWW.DHAMMARANSI.COM



'ဪ—မိုက်လှချည့်၊ ကိုယ့်ကိုသတ်ရန် စာကိုပင် ဓါးပုံ စမ္မာ ချည်၍အစခဲ့သည်၊ ငါသည် သူ့ကိုခေတ္တလျှင် သူ့အသက် ရှိစေတော့မည်မဟုတ်' ဟု ထိုစာကို ဖျက်ဆီးပြီး သူဌေး စီအားအတိုင်း စာတစ်စောင်ကို ရေး၏၊

စာရှ....

'ဤသူသည် ငါ၏သား ဃောသက ဖြစ်၏၊ ရွာပေါင်း တစ်ရာမှ လက်ဆောင်ပဏ္ဏာကိုယူ၍ ဇနပုဒ်ရွာသူဌေးသမီးနှင့် ထိမ်းမြားမင်္ဂလာပြုပြီး ရွာအလယ်တွင် ဘုံခုနစ်ဆင့် အိမ်ကို ဆောက်လျက် တံတိုင်း အကာအရံ ယောကျ်ား အစောင့် အရှောက်တို့ဖြင့် ပြုစုလိုက်ပါလေ၊ ငါ့အားလည်း သတင်းပို့လေ၊ ဤသို့ပြုစုပေး၍ ငါသည်ဦးရီးတော်အား ကျေးဇူးပြုဖွယ်ကို နောက်၌ သိရပါအံ့' ဟု ရေးသားပြီး ဃောသကအား မနိုးမီ ပုဆိုးစ၌ မူလအတိုင်း ချည်နှောင်၍ ထားခဲ့၏၊

ဃောသကသည် အိပ်ရာမှထလျက် စားသောက်ပြီးနောက် ထွက်ခွာသွားလေသည်၊

နောက်တစ်နေ့နံနက် ရွာသို့ရောက်၍ သူဌေးကြီးကိုယ်စား လှယ်အား စာကိုပြ၏။ စာကိုဖတ်ပြီးလျှင် ကိုယ်စားလှယ်ကြီး သည် ဝမ်းမြောက်ဝမ်းသာ 'အချင်းတို့—ကြည့်ကြလော့၊ ငါ၏ သခင် သူဌေးကြီးသည် ငါ့အပေါ်၌ ချစ်ခင်ယုံကြည်၍ သား ကြီးကို ထိမ်းမြားမင်္ဂလာပြုပေးပါရန် ငါ့ထံစေလွှတ်၏' ဟု ချက်ချင်းပင် သူကြွယ်တို့ကိုပြော၍ ရွာအလယ်၌ အိမ်ကြီးကို ဆောက်၏၊ ရွာပေါင်းတစ်ရာမှအကောက်အခွန်တို့ကိုယူပြီး ဇနပုဒ် သူဌေးထံမှ သမီးကို လက်ဆောင်ယူကာ ထိမ်းမြားမင်္ဂလာပြု ပေးလိုက်၏၊

WWW.DHAMMARANSI.COM



## ပညာရှိသောမိန်းကလေး

သူဌေးကြီးထံ သတင်းစကားလျှောက်ထားသော် 'ငါကြံ့အလို မဖြစ်' ဟူ ပြင်းပြသော နှလုံး မသာယာခြင်းဖြစ်ပေ၏။ သေ သုံးသော အားထုတ်ကြောက် သောကနှင့် နှလုံးမသာယာခြင်းတို့ ပျော်နေရာ ဝမ်းတွင်း၌ ပူဆောင်၍ ဝမ်းပျက်ရောဂါ ဖြစ်လေရသည်။

သူဌေးသမီးသည် အိမ်ရှိလူအပေါင်းတို့ကို 'သူဌေးကြီးထံမှ တစ်စုံတစ်ယောက်လာလျှင်ပါ မသိဘဲ သူဌေးအားကို မပြော ကြနှင့်' ဟု အမိန့်ပေးထား၏။

သူဌေးကြီးသည် ဤသားဆိုးသားယုတ်ကို အမွေအနှစ်မရ စေအံ့ဟု ကိုယ်စားလှယ်တစ်ယောက်ကိုခေါ်၍ လူတစ်ယောက် စေလွှတ်ပြီး အားကိုခေါ်စေ၏။ သူဌေးသမီးသည် သူဌေးကြီး ထံမှ လူလွှတ်အကြောင်းကြားလျှင် ခေါ်စေ၍ သတင်းစကား မေး၏။ သူဌေးကြီး ကျန်းမာဖြစ်နေကြောင်းနှင့် သားတို့ မြင်ရန် အခေါ်လွှတ်ကြောင်း သိရလျှင်—

'အမေခင်၊ သူဌေးကြီးအားနည်းနေသလော၊ အာဟာရ ကို စားနိုင်ပါသေး၏လော' ဟု မေး၏။ စားနိုင်ကြောင်း၊ အားရှိသေးကြောင်း သိရပြန်သောအခါ သူဌေးအားကိုမသိ စေဘဲ၊ ထိုသူ အား နေထုန်ဖိုးရိက္ခာကိုပေး၍ 'ယခုဆိုင်းပါဦး၊ ကျွန်ုပ်စေလွှတ်မှ သွားပါ' ဟု ဆိုင်းငံ့ထား၏။

သူဌေးကြီးက ကိုယ်စားလှယ်ကြီးအား သားထံ လူလွှတ် အလောဟု မေး၏။ 'လွှတ်ပါသည် ပြန်မလာသေးပါ' ဟု ဆို အောင် နောက်တစ်ယောက် လွှတ်စေပြန်၏။ သူဌေးသမီးသည် လာသူကို ရှေးနည်းအတိုင်း ဆိုင်းငံ့ထား၏။

WWW.DHAMMARANSI.COM



လူဌေးကြီး၏ရောဂါသည် သို့သည်ထက် ဆိုးဝါးလာ၏။ အစာကိုပင်ကာ အားအင်ကုန်ခမ်း နွမ်းပါးလာ၏။

လူဌေးကြီးသည် ကိုယ်စားလှယ်ကြီးအား တတိယ တစ်ယောက်ကို စေလွှတ်ပြန်၏။ ထိုတတိယလူရောက်လာလျှင် လူဌေးသမီးအား လူဌေးကြီး၏ အခြေအနေကို မေးမြန်း၏။ 'အရှင်မ၊ ရောဂါသည်းနေပါပြီ၊ အစာကိုပင်၍ အညစ်အကြေးတစ်ခွက် ထုတ်၊ တစ်ခွက်သွင်း ဖြစ်နေပါပြီ၊ ကိုယ်လွန်ခါနီးနေပါပြီ' ဟု ပြော၏။

လူဌေးသမီးသည် သွားရန် အချိန်ယခုပြီဟု စိတ်ကူးပြီး လူဌေးသားအား လူဌေးကြီး မေမကျန်း ဖြစ်နေကြောင်း အသိပေးလိုက်၏။ ယောက်ျားသည် စိုးရိမ်၏။ 'နေမကောင်းရှိသပါ'ဟု လူဌေးသမီးက ပြော၍ ရွာပေါင်းတစ်ဆုံမှ ထွက်သော လက်ဆောင်ပဏ္ဏာတို့ကို ဆောင်းယူလျက် လှည်းတို့ဖြင့် တင်ဆောင် ထွက်သွားကြ၏။

လမ်းတွင် လူဌေးသမီးက 'အရှင်...ဖခင် လူဌေးကြီး အားနည်း၍ ရောဂါသည်းနေ၏။ ဤမျှ များပြားသော လက်ဆောင်များကိုယူ၍ သွားလျှင် ခရီး ကြန့်ကြာလိမ့်မည်' ဟု ပြော၍ လက်ဆောင်တို့ကို မိမိအိမ်သို့ ပြန်ပို့စေ၏။

လူဌေးသမီးက 'အရှင်...အိမ်သို့ရောက်လျှင် အရှင်သည် ဖခင်လူဌေးကြီး၏ ခြေရင်း၌ထိုင်ပါ၊ ကျွန်ုပ်သည် ခေါင်းရင်း၌ ထိုင်ပါမည်' ဟု ပြော၏။ အိမ်အဝင်တွင် အိမ်ရှေ့ အိမ်နောက်တို့မှ မိမိလူများကို ချထား စောင့်ရှောက်စေ၏။

လူဌေးကြီးသည် ပက်လက်အိပ်နေ၏။ လူဌေးကြီးကိုယ်စားလှယ်သည် ခြေရင်း၌ထိုင်ကာ ကိုယ်တိုင်က ဆုပ်နယ်ရင်း 'အရှင်

WWW.DHAMMARANSI.COM



သေစနေရောက်လာပေပြီ' ဟု ပြော၏။ သူဌေးကြီးသည် သေသယအ ကြမြင်၍ မိမိစာရင်းကိုင်ကိုခေါ်ပြီး (ပုံ-၂၂)မိမိပိုင်ပစ္စည်းကို ခေါ်၏။



စာရင်းကိုင်က ဥစ္စာချည်းသက်သက် ကုဋေလေးဆယ်ရှိပါသည်။ ရွှေငွေ၊ လယ်ယာ၊ ခြေနှစ်ချောင်း၊ ခြေလေးချောင်း သတ္တဝါ၊ ယာဉ်လှည်းတို့ ဤမျှ ဤမျှရှိပါသည်ဟု ဆိုသော် သူဌေးကြီးက 'ဤဥစ္စာအားလုံးကို ငါ့သား လောမသကအား ငါ မပေး' ဟု ဆိုချင်လျက် 'ငါပေးမည်' ဟု ပြောလေသည်။

WWW.DHAMMARANSI.COM



သူဌေးသမီးသည် ဖခင်သူဌေးကြီး စကားပြန်၍ပြောသော ခည်းကို သိသဖြင့် စိုးရိမ်ပူပန် သောကကြီးစွာ ရောက်ဟန်ဖြင့် သူဌေးကြီး နောက်ထပ် စကားမပြောနိုင်အောင် ဆံပင်ကို ဖြန့်ကြဲ သူဌေးကြီးရင်ခွင်၌ ပစ်လှဲပြီး ဦးခေါင်းဖြင့် ပွတ်၍ ပွတ်၍ ငိုကြွေးနေစဉ်ပင် သူဌေးကြီးကွယ်လွန်လေ၏။

သူဌေးကြီး ကွယ်လွန်ကြောင်း ဥဒေတနမင်းကြီးအား လျှောက်ထားကြ၏။ ဈာပနကိစ္စကို ပြုစေ၏။

သူဌေးတဲ့ ပေးအပ်ခံရခြင်း

သူဌေးကြီး သေဆုံးကြောင်းနှင့် ပစ္စည်းဥစ္စာအရပ်ရပ်ကို သားဖြစ်သူ ဃောသကအား သေဆုံးခါနီးတွင် အပ်ထားကြောင်း ဥဒေတနမင်းအား လျှောက်ထား၏။ ဃောသကအား နန်းတွင်းသို့ဝင်ရန် ဆင့်ခေါ်၏။

ဃောသကလည်း နန်းတော်သို့အလာ လမ်းတွင် ရေအိုင် ယော်တစ်ခုကိုတွေ့၍ ခုန်ကျော်၍သွား၏။ ဥဒေနမင်းသည် လေသာပြတင်းမှ ကြည့်နေ၏။ ညီလာခံ၌ ဥဒေတနမင်းက ဃောသကအား သူဌေးရာထူးကို ငါပေးအံ့ဟု နှစ်သိမ့်ရှိသော နှစ်သိမ့်လိုက်၏။

ဃောသကသည် ရှေ့ပြန်တွင် လာစဉ်က ခုန်လွှားခဲ့သော ရေအိုင်ယော်သို့ရောက်လျှင် အသာအယာဆင်း၍ ဖြတ်ကူးသွား၏။ ဥဒေတနမင်းသည် လေသာပြတင်းမှ လှမ်း၍မြင်သဖြင့် ဃောသကအား ပြန်၍ခေါ်စေ၏။ ရောက်လျှင် မင်းကြီးက အဆင်သည် လာစဉ်က ရေအိုင်ယော်ကို ခုန်လွှားလာခဲ့၏၊ အပြန်တွင် ရေအိုင်ယော်သို့ဆင်း၍ ဖြည်းဖြည်းသွားခဲ့၏၊ အဘယ့်ကြောင့် ရေအိုင်ယော်ကိုခုန်၍ ကျော်ခဲ့သနည်းဟု မေး၏။ ဃောသကအား

WWW.DHAMMARANSI.COM



'အရှင်မင်းကြီး…ဓားစဉ်ကား သာဓနီ ယောသကား လှူငယ် အဖြစ်နှင့် လာခဲ့ရ၍ ရေအိုင်ကိုရှုနိုင်ခြင်းသည် သမ္မီးလျှော်ပါ၏။ အရှင်မင်းမြတ်က ဆုထူးငွေနဏ္ဍ၊ ပေးသနားတော်မူ မည်ဟု မိန့်ကြားတော်မူသဖြင့် အပြန်၌ ခုန်လွှားခြင်းငှာမဆင့် လျှော်သောကြောင့် ဖြစ်ပါသည်'ဟု လျှောက်ထားလေလျှင် မင်းကြီးက ဤသူသည် တည်ကြည်၏ဟု သူ့ ဌေးကြီး သုံးဆောင် ခံစားခဲ့ဘူးသော စည်းစိမ်ချမ်းသာနှင့်တကွ သူဌေးရာထူးကို ပေးလိုက်၏။

## မယ်ကာဠိက သက်သေခံခြင်း

ဘေးသားအသည် အခြွေရံများနှင့်တကွ ကောသမ္ဘီ သူဌေး ပိုင်ဆိုင်ခဲ့သော အယ်မြေများကို မြင်ရသဖြင့် လှည့် လည် ကြည့်ရှုရန် သွား၏။



WWW.DHAMMARANSI.COM



သူဌေးသမီးသည် အဘွားအိုကာငွေနှင့် စကားစပ်ကြရင်း ၌ သူဌေးသမီးက မိခင်ကာငွေ သူဌေးကတော ဤစည်းစိမ်ကို ရခြင်းသည် ကျွန်မကြောင့်သာ ရရပါသည်ဟု ပြောရာ ကာငွေအမေ၏ သူဌေးကတော်ကလေး၏ ယောကျာ်းသည် မိမိကိုသတ်မည့်စာ မိမိကိုယ်တိုင် ယူဆောင်ခဲ့သည်ကို ဖတ်ရသည်မှ အစ အဖြစ်အပျက် အလုံးစုံကို အကုန်ပြန်ပြော၏။ ထိုအခါ အမေကာငွေက ချစ်သမီး၊ သင်သည် ဤမျှလောက်သာ သိသေး၏ဟု ဆိုရင်း ငယ်ဘဝက ကောက်ယူ မွေးစားရာမှအစ ငွေအသပြာ ထောင်ပေါင်းများစွာ အကုန်ခံ၍ သတ်ရန် ကြံစည်ခဲ့ပုံ၊ သားအရင်းပင် သေဆုံးရပုံကိုပါ ပြောပြလေ၏။

သူဌေးကလေးရောက်လာသောအခါ သူဌေးကတော်လေးသည် ပြုံးရယ်၍ ကြည့်နေ၏။ ယောကျာ်းက 'ဘာကိုမြင်၍ ပြုံးသနည်း' ဟု မေး၏၊ သူဌေးကတော်က မပြောဘဲနေ၏။ သူဌေးကလေးသည် စိတ်ဆိုး၍ သန်လျက်နှင့်ပိုင်းမည်ဟု ခြိမ်းခြောက်၏။ 'အရှင့်အား သတ်ရန် သေစာ ရေးပေး၍ လွှတ်လိုက်သည်'ဟု အစချီလျက် အလုံးစုံကိုပြော၏၊ ယောကျာ်းက မယုံ၊ အမေကာငွေကို မေးကြည့်ဦးမည်ဟု မေးကြည့်၏။ အမေကာငွေက ထိုမျှသာ မကသေးပါ၊ ငယ်စဉ်ကစ၍ ယနေ့ ရောက်ချိန်ထိ သေဘေးမှလွတ်ခဲ့ကြောင်းကို အကြောင်းစုံပြောပြ၏။

ယောကျာ်းသည် တုန်လှုပ်၏။ ဤသို့ သေဘေးမှ အကြိမ်ကြိမ်လွတ်ရသော ငါ့အား မမေ့မလျော့လျော့ အသက်ရှင်နေရန် မသင့်ပေဟု ကြံစည်လျက် နေ့စဉ်အသပြာတစ်ထောင်ကို စွန့်လျက် ခရီးသွား ခိုကိုးရာမဲ့ စသည်တို့အား ထမင်းဝေ မဏ္ဍပ်ကြီးဆောက်လျက် နေ့စဉ် လှူပေး၏။

WWW.DHAMMARANSI.COM

# သာမာဝတီ

## သာမာဝတီ သူဌေးသမီး၏ ဒုက္ခအဖုံဖုံ

ဃောသကသူဌေး၏ အလှူမဏ္ဍပ်ကြီးကို မိတ္တအမည်ရှိသော သူကြွယ်အား အပ်နှံပေးထား၏။

ဘဒ္ဒဝတီပြည်မှ ဘဒ္ဒဝတီသူဌေးသည် ဃောသကသူဌေး၏ ဂုဏ်သတင်းကို ကုန်သည်တို့ထံမှ ကြားရ၍ ကြည်ညိုချစ်ခင်လှသဖြင့် လက်ဆောင်ပဏ္ဏာများ ပို့၏။ ဃောသကသူဌေးက အလည်း ပြန်လည်ပေးပို့၏။ ဤသို့ဖြင့် နှစ်ပေါင်းများစွာ အပြန်အလှန် ကုန်သည်တို့ထံမှ တစ်ဆင့် ဆက်သွယ်၍ မိမိတို့ တိုင်းပြည်ရှိ အထွက်အမြတ် စားဖွယ်သောက်ဖွယ် ပစ္စည်းများကို ပေးပို့ခြင်း၊ လူချင်းပင် မမြင်ဖူးကြဘဲ မိတ်ရင်းဆွေရင်း အဖြစ် လေးစားချစ်ခင်လျက် ရှိ၏။

တစ်နေ့တွင် ဘဒ္ဒဝတီသူဌေးအိမ်၌ (အဟိဝါတ) အမည်ရှိ ရောဂါကြီး ကျရောက်သဖြင့် တစ်အိမ်လုံး သေဆုံးကြလေ၏။

WWW.DHAMMARANSI.COM



ဘဒ္ဒဝတီ သူဌေး၊ သူဌေးကတော်နှင့် သူဌေးသမီး သာမာ
ဝတီတို့ သုံးယောက်သား လက်တွဲ၍ ကောသမ္ဗီပြည်သို့
ခရီးရှည် ထွက်ပြေးလာကြ၏။ (ပုံ-၂၅)



## သမီးလိမ္မာ မယ်သာမာ

ကောသမ္ဗီပြည် မြို့တံခါးသို့ရောက်လျှင် ရေမိုးပြည့်စုံရာ၌ ရေမိုးချိုးပြီးလျှင် မြို့တံခါးအနီး ဇရပ်၌ နားနေကြ၏။

ဘဒ္ဒဝတီသူဌေးက ဤအသွင်အပြင်နှင့်သွားလျှင် မွေးဖွားသော အမိသည်ပင်လျှင် နှစ်လိုမည်မဟုတ်၊ တစ်ရက်နှစ်ရက်

WWW.DHAMMARANSI.COM



ကြာ၍ နားနေပြီး ကိုယ်လုပ် ထက်သနကြည်လင်မှ မိတ်ဆွေ ဃောသကသူဌေးကို တွေ့ပေအံ့ဟု တိုင်ပင်၍ ဃောသက သူဌေး၏အလှူသို့ ထမင်းယူရန် သမီးကိုစေလွှတ်၏။ သာမာ သည် ခွက်ကိုဆွဲ၍ အလှူမဏ္ဍပ်သို့ သွား၏။ (ပုံ-၂၆)



'သုံးယောက်စာ ပေးပါရှင်'

သာယာကြည်အင် ရှိန်းပသော ရုပ်ချည်ရှာကာကို မိတ္တ လှူကြွယ်သည် သတိပြုလိုက်၏။

WWW.DHAMMARANSI.COM



## မိခင် ဖခင်တို့ သေဆုံးရခြင်း

သာမမသည် သုံးယောက်စာ ထမင်းကို ဖခင်အား ဦးစွာ ကျွေးပြီး ဘဒ္ဒဝတီမှ ရွှေ့သည့် ရက်ပေါင်းများစွာ အစာ မစားရသောကြောင့် အားရပါးရ စားလိုက်ရာ၊ အရွယ်တက် ချိန်တွင် အစာ မကြေညက်နိုင်သောကြောင့် သေဆုံးရရှာ၏။ (ပုံ ၂၇)။



သာမာသည် ငိုယိုလျက် နံနက်ထမင်းအတွက် အလှူခံရပ် သို့သွား၍ နှစ်ယောက်စာ ထမင်းကို တောင်းခံ၍ ယူလာ၏။

WWW.DHAMMARANSI.COM



ဒုတိယညဉ့်တွင် မိခင်သူဌေးကတော်ကြီးသည် အစာမကြေ နိုင်ဘဲ သေဆုံးရပြန်၏။

## မိတ္တသူကြွယ်က မွေးစားခြင်း

သာမာတစ်ဦးတည်းငိုကြွေးမြည်တမ်းလျက်ဆင်းရဲပင်ပန်း မှုထက် ဆာလောင် ဆင်းရဲခြင်းကြောင့် ဇရပ်သို့ သွား၍ တစ်ယောက်စာ တောင်းခံပြန်၏။

မိတ္တသူကြွယ်သည် သုံးရက်တိုင် ထမင်းယူသည်ကို မှတ်မိ၍ သာမာအား သင်ဖယ်လော၊ သင်သည် ပထမနေ့က သုံးယောက် စာ၊ မနေ့က နှစ်ယောက်စာ၊ ယနေ့တစ်ယောက်စာ အဘယ် ကြောင့် တောင်းခံသနည်းဟု မြည်တွန်ကြိမ်းမောင်း၏။ သာ မာသည် ငိုရှိုက်ရင်းမှ ဘဒ္ဒဝတီပြည်မှ ပြေးလာရပုံနှင့် မိခင် ဖခင်တို့ တစ်ရက်ပြီးတစ်ရက် သေဆုံးရပုံကို ပြောပြ၏။

မိတ္တသူကြွယ်သည် မျက်ရည်မဆည်နိုင်ဘဲ သနားသွား၏။ 'ရှစ်သမီး မစိုးရိမ်လင့်၊ ဘဒ္ဒဝတီသူဌေးသမီးသည် ငါ့သမီး သာ ဖြစ်တော့၏' ဟု သာမာအား မိမိ အိမ်သို့ ခေါ်ယူ၍ သမီးကြီးအရာ၌ ထား၏။

ရက်အနည်းငယ်ကြာလျှင် သာမာက ဖခင် သူကြွယ်အား အလှူခံသူတို့ ဆူညံတိုးဝှေ့ ပင်ပန်းခြင်းမဖြစ်အောင်စီစဉ် သင့်ကြောင်း အကြံပေး၏။ ဖခင်သူကြွယ်က အဘယ်သို့စီစဉ်ရ မည်နည်းဟု မေး၏။ တစ်ယောက်စီဝင်သာရုံ စင်ပေါက်ထွက် ပေါက်ထား၍ တစ်ဦးစီ(တန်းစီ၍)ဝင်စေလျှင်မသင့်ပါလော ဟု အကြံပေး၏။ မိတ္တသူကြွယ်သည် သမီးအကြံအတိုင်းပြုသုံး ၏။ သာမာ၏အကြံသည် ကောင်းလှ၏။

WWW.DHAMMARANSI.COM



သူဌေးသမီး၏အမည်သည် ရှေးက သာမာခေါ်၏။ (ဝတီ) မည်သော စေခင်ရန်းအကာကို ပြုအပ်သောကြောင့် (သာမာ ဝတီ)ဟု အမည်ဖြစ်သော၏။

## ဃောသကသူဌေးသမီး ဖြစ်လာရပုံ

အလှူမဏ္ဍပ်မှာ အသံ တိတ်ဆိတ်နေ၏။ အုတ်အုတ်ကျက်ကျက်အသံပျောက်၍နေ၏။ ဃောသကသူဌေးသည် အုတ်အုတ်ကျက်ကျက်အသံကို နားထောင်၍ ငါ့အလှူမဏ္ဍပ်ကအသံဟု နှစ်ဆက်ဝမ်းမြောက်သော ရှိ၏။ နှစ်ရက်သုံးရက်ထိုအသံမကြားရသော် မိတ္တသူကြွယ်အား ခေါ်မေး၏။

'ဘာကြောင့် အလှူမဏ္ဍပ်ကို ရပ်ထားရသလဲ'

'နေ့စဉ် လှူနေဆဲပါ သူဌေးကြီး'

'ဘာကြောင့် နှစ်ရက် သုံးရက် အသံမကြားရသလဲ'

'တိတ်တိတ်ဆိတ်ဆိတ် ယူကြသောနည်းကို ပြုလုပ်၍ ဖြစ်ပါသည်'

'ရှေးက ဘာကြောင့် မလုပ်သလဲ'

'ရှေးက မသိ၍ပါ'

'ယခုတော့ ဘယ်လိုသိသလဲ'

'သမီး အကြံပေးလို့ပါ'

'သူကြွယ်မှာ သမီးရှိတာ မသိပါလား'

'ရှိပါတယ်'ဟု အစချီကာ ဘဒ္ဒဝတီ သူဌေးလင်မယား သေဆုံးပုံ၊ သမီးကလေး သာမာဝတီ တစ်ကောင်ကြွက်ကျန်ခဲ့၍ မွေးစားပုံကို ပြောပြရာ....

WWW.DHAMMARANSI.COM



'အလို ဘဒ္ဒဝတီ သူဌေးဆိုရင် ကျုပ်ဆီလာတာ ဖြစ်ရမှာပဲ၊ ကျုပ်မိတ်ဆွေရဲ့ သမီးကို ကျုပ် စောင့်ရှောက်ရမည်၊ ကျုပ်ကို ပေးပါ'

ဟု သာမာဝတီကိုတောင်းယူ၍ အခြွေအရံ ငါးရာနှင့်တကွ သမီးကြီးအရာကို ချီးမြှောက်လေ၏။

### ဥဒေနမင်းက မိဖုရားမြှောက်ခြင်း

သာမာဝတီသည် အလွန်အဆင်းလှ၏။ ဝင်းဝါ၍အသားအရေသည် ရွှေအဆင်းကဲ့သို့ တည်၏။

တစ်နေ့တွင် အခြွေအရံငါးရာဖြင့် မြစ်ဆိပ်သို့ ရေချိုးဆင်းရာ ခြင်္သေ့ခံပြတင်းမှ ရပ်နေစဉ်အခါ ဥဒေနမင်းကြီးမြင်လျှင် ဃောသကသူဌေး၏သမီးဖြစ်ကြောင်းသိရ၍ သမီးကို ဆက်သရန် အမိန့်စာချွန်ဖြင့် စေလွှတ်၏၊ သူဌေးက သမီးသဘောကို မသိရသေး၍ ဆိုင်းငံ့ပါရန်ပြောသည်ကို ဥဒေနမင်းစိတ်ဆိုးသ၍ သူဌေးနှင့်တကွ အိမ်ရှင်အားလုံး ခြံဝင်းမှ ထွက်စေပြီး အိမ်နှင့်တကွ ခြံကိုပါ မင်းတံဆိပ်ခတ်နှိပ် သိမ်းယူစေ၏။

ရေချိုးမှပြန်လာသောအခါ သာမာဝတီသည် မိခင်ဖခင်တို့ နေပူထဲမှာတွင် ရပ်နေသည်ကိုမြင်၍ အကြောင်းကို မေးမြန်းရာမှ သိလေလျှင် ဖခင်အား မင်းအမိန့်ကို မဆန့်ကျင်သင့်ကြောင်း မိခင်ဖခင်တို့အား ပြောပြ၍ ဥဒေနမင်းထံ အခြွေအရံနှင့်တကွ သွားရောက် ခေါ်ဆောင်လျှင် ပို့ဆက်မည် ဖြစ်ကြောင်းဖြင့် အကြောင်းကြားစေ၏၊ ဥဒေနမင်းသည် အခြွေအရံများနှင့်တကွ ဝမ်းသာကြီးကျယ်စွာ သာမာဝတီအား ဆောင်ယူ၍ ကြီးစွာသော ပွဲသဘင်နှင့်ထားပြီး အဂ္ဂမဟေသီ မိဖုရားကြီးအရာ၌ ထားလေ၏။

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



## ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်း

ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်းသည် ဆင် မြင်း ဗိုလ်ပါအင်အားကြီးမားလှ၏။ ဤလောကတွင် ငါ့ထက်အင်အားသာသော မင်းများရှိသေးသလောဟု စုံစမ်းရာ ကောသမ္ဗီပြည်မှ ဥဒေနမင်းက သာလွန်ကြောင်း လျှောက်ထားကြလျှင် ဥဒေနမင်းကို စစ်ခင်း၍ ဖမ်းမည်ဟုဆို၏။

ဥဒေနမင်းကို ဖမ်းယူ၍ ရမည်မဟုတ်ပါ။ ဥဒေနမင်းတွင် ဆင်တို့ကိုပြေးစေ၊ လာစေနိုင်အောင် ဟတ္ထိကန္တမန္တရားနှင့် စောင်းအတတ်ကို တတ်ပါသည်ဟု လျှောက်ကြ၏။

စဏ္ဍပဇ္ဇောတမင်းသည် ဆင်အစစ်နှင့် ရွေး၍ မရအောင် တူသော သစ်သားဆင်ရုပ်ကို ပြုလုပ်စေပြီး လှုပ်ရှားပြေးသွားနိုင်သည့် စက်ယန္တရားတို့ကို တပ်ဆင်၏။

ဆင်ရုပ်၏ဝမ်းတွင်း၌ စက်နှိုက်နှင့်အတူလူ ၆၀တို့ကိုဝင်စေပြီးလျှင် ကောသမ္ဗီပြည်အနီး ရေအိုင်တစ်ခုအနီးတွင်ဆင်ရုပ်ကြီးကို လှုပ်ရှားစေ၏။ ကင်းအနည်းငယ်ကြွသော် ကောသမ္ဗီပြည်မှ မုဆိုးတစ်ယောက်သည်ဆင်ကြီးတစ်ကောင်လှုပ်ရှားသွားလာနေသည်ကို လှမ်းကြည့်တွေ့မြင်၍ အံ့တသြပင် ဥဒေနမင်းကို လျှောက်ထား၏။

ဥဒေနမင်းသည် ဆင်ဖမ်းထွက်မည်ဟု စစ်သည်ဗိုလ်ပါများနှင့် ထွက်၍လာ၏။ သစ်သားဆင်ရုပ်ကြီးသည် အတတ်ရှင်၏ ဆောလမ်းအတိုင်း ရှေ့မှ လျင်မြန်စွာပြေး၏။ ဥဒေနမင်းသည် မန္တန်ကိုရွတ်ဆိုစောင်းတီး၍ ဆင်ကြီးကိုခေါ်၏။

သစ်သားဆင်ကြီးကို ဥဒေန၏စောင်းသံနှင့် မန္တန်တို့သည် အစွမ်း မပြနိုင်ပေ။

၅(ဆဋ္ဌမအကြိမ်)

WWW.DHAMMARANSI.COM



ဥတေနသည် ရှေ့မှတအားပြေးနေသော စက်ဆင်ရုပ်ကြီးတို့ အမီလိုက်၍မရလျှင် မြင်းကိုစီးပြန်၏။ စစ်သည်ဗိုလ်ပါတို့နှင့် ကွဲသွားတော့၏။

စဏ္ဍပဇ္ဇောတမင်း၏ စစ်သည်တို့သည် စစ်ကျွံ၍လာသော ဥတေနမင်းအား ဝိုင်းဝန်းဖမ်းဆီး၍ မင်းထံ ဆက်သကြ၏။

မှတ်ချက်။ ။ရှေးနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က လူသားတို့သည် သစ်သားဆင်ရုပ်ကြီးကို ဆင်စစ်နှင့် ခွဲခြားမရအောင် ပြုလုပ်နိုင်ခြင်း၊ ဆင်အစစ်ကဲ့သို့ သွားလာနိုင်အောင် စက်ယန္တရားတပ်ဆင်ခြင်း၊ ထိုစက်ရုပ်ဆင်ရုပ်သည် အတွင်း၌ လူ၆၀ လက်နက်နှင့်တကွနေနိုင်ခြင်း၊ လျင်မြန်စွာပြေးနိုင်ခြင်း စသည် ပြုလုပ်နိုင်ခြင်းကို တွေ့ရအဖြင့် စက်မှုလက်မှု အတတ်မှည်မျှ ထွန်းကားသည်ကို သိရှိနိုင်ကြပေသည်။

အညံ့မခံ မင်းတို့မာန်

ဥတေနမင်း၏ စစ်သည်တို့သည် မိမိတို့၏ ဘုရင် အဖမ်းခံရသည့်ကိုသိ၍ မြို့အပြင်ဘောအုပ်၌ သစ်ခက်မြို့တည်၍နေ၏။

စဏ္ဍပဇ္ဇောတမင်းသည် မိမိစစ်သည်များအား အောင်ပွဲကြီးပေး၏။ တစ်မြို့လုံးဆူညံနေကြ၏။ အချုပ်ခန်း၌ ဥတေနမင်းသည် အစောင့်များအား မေးမြန်း၏။

'အဆင်တိုတိုင်းပြည်က ဆူညံလှပါလားကွ'

'ရန်သူကိုနိုင်၍ အောင်ပွဲကျင်းပကြသော အသံများ ဖြစ်ပါသည်'

'သင်တို့မင်းက မိန်းမကဲ့သို့လျှော့၏၊ ရန်သူကို အောင်နိုင်လျှင် သတ်လိုက်သတ် မသတ်လိုလွှတ်၊ ယခုမှု စိတ်ဆင်းရဲအောင်ပြုသည်'ဟုဆို၏။အစောင့်တို့က မင်းထံသတင်းပို့ကြ၏။

WWW.DHAMMARANSI.COM



စဏ္ဍပဇ္ဇောတမင်းသည် ဆာပြီးလျှင် 'ဤသို့ ပြေးသည့်မှာ မှန်သလော' ဟု မေး၏၊ (ပုံ-၂၉) ဥဒေနက 'မှန်၏' ဟု ဆို၏၊

'ဆင်ကိုလွှတ်စေလိုသော် သင်တတ်သောမန္တန်ကို ငါ့အား သင်ပေးလျှင် လွှတ်မည်' ဆို၏။

'ငါ့ကို ရှိခိုးသော် သင်ပေးမည်'

'ငါ ရှိမခိုးနိုင်'

'ရှိမခိုးသူကို သင်မပေးနိုင်'

'ငါ့ကို သင်ကြားမပေးသော် မင်းဒဏ်ပေးရပေမည်'

'ငါ့ကိုယ်ကိုသာ သင်ထင်အလို ပြုနိုင်မည်၊ ငါ့စိတ်ကိုသာ စိုးမိုးနိုင်သလော'

WWW.DHAMMARANSI.COM



စဏ္ဍပဇ္ဇောတမင်းသည် ဥဒေါနမင်း၏ ရဲရင့်သောစကားကို ကြားသော်လျှင် သူ့ထံမှမန္တန်ကို ငါ အဘယ်သို့ရအောင် ကြံရပါအံ့နည်းဟု စဉ်းစား၏။ မန္တန်ကို သူတစ်ပါးလည်း မသိစေအောင်၊ ငါ၏သမီးကို သင်စေမည်၊ ငါ့သမီးထံမှ ငါ သင်ယူမည်ဟု ကြံ၏။

'သင့်ကို တစ်စုံတစ်ယောက်က ရှိခိုးလျှင် သင် ကြားပေးမည်လော'

'ငါ့ကို ရှိခိုးသူအား သင်ကြားပေးမည်'

သို့ဖြစ်လျှင် ငါ့ထံတွင် ခါးကုန်းမတစ်ယောက်ရှိ၏၊ သင်သည် ကန့်လန့်ကာအတွင်းမှနေ၍ ခါးကုန်းမကို ကန့်လန့်ကာအပြင်မှနေစေပြီး သင်ကြားပေးနိုင်မည်လော'

'ငါ့ကိုရှိခိုးသူအား ခါးကုန်းသူဖြစ်စေ၊ သူဆွံ့ဖြစ်စေ သင်ကြားပေးမည်'ဟု ဆို၏။

## ချစ်ကြိုးတွယ် နှောင်မိကြခြင်း

စဏ္ဍပဇ္ဇောတမင်းသည် သမီးတော် ဝါသုလဒတ္တာအား...

'ချစ်သမီး၊ ခရုသင်းနူနာစွဲသူတစ်ယောက်ထံတွင် အဖိုးတန် မန္တန်တစ်ပုဒ်ကိုသင်ယူရန်ရှိသည်၊ ထိုမန္တန်ကို သူတစ်ပါးမသိစေချင်၊ ချစ်သမီးသည် ကန့်လန့်ကာအတွင်းမှ နေ၍ သူ့ကို ရှိခိုးပြီး မန္တန်ကို သင်ယူပါချေ'ဟု ဆို၏။

သမီးတော်ကလည်း 'ကောင်းပါပြီ'ဟု ဝန်ခံ၏။

ဤသို့ ကန့်လန့်ကာခြား၍ သင်ကြားရာအကြိမ်ကြိမ် အထပ်ထပ်ချပေးသော်လည်း မရသဖြင့် ဥဒေါနမင်းက အမျက်ထွက်၍ 'ဟယ်...ခါးကုန်းမ၊ နှုတ်သီးထူလှချည့်'ဟု ဆို၏။ မင်းသမီးကလည်း အမျက်ထွက်၍ ဟယ်အနူ၊ ငါ့သို့သော မင်းသမီး

WWW.DHAMMARANSI.COM



ကို ခါးကုန်းဝဲဟု ဆိုရလေသလောဟု ပြန်ပြောသည်ကြိမ်းမောင်းလျှင် ဥတ္တရာသည် ကန့်လန့်ကာစွန်းကို ဖွင့်၍ကြည့်လေ၏။

မင်းသမီးကိုမြင်လျှင် သင့်ခမည်းတော်က သင့်ကို ခါးကုန်းဝဲဟု ပြောသည်ဟု ဥတ္တရာမင်းဆိုသော် 'အကျွန်ုပ်အား သင့်ကို ရှေးအင်းစွဲ လူနာဟု ပြောပေသည်ဟု ပြန်ပြော၏။ သို့ဖြစ်လျှင် ကျွန်ုပ်တို့ အချင်းချင်း ချစ်ကျွမ်းဝင်မည်စိုး၍ ပြောသည်သာ ဖြစ်မည်ဟုဆိုကာ ကန့်လန့်ကာ အတွင်း၌အချင်း ချစ်ကျွမ်းဝင်လျက် နေကြကုန်၏။ ထိုနေ့မှစ၍ မန္တန်သင်ခြင်း မရှိတော့ပေ။ (ပုံ-၁၁)



WWW.DHAMMARANSI.COM



## ပါသုလဒတ္တာ မင်းသမီးကို ခိုးပြေးပုံ

စဏ္ဍပဇ္ဇောတမင်းက သမီးတော်အား 'သင်ကြားရ၍ တတ်ပြီလော'ဟု မေး၏။ သမီးတော်က 'သင်ယူနေဆဲပါ'ဟု ပြော၏။ ဆက်၍ သင်စေ၏။

နေ့ရက်တစ်နေ့တွင် ဥဒေနမင်းက မင်းသမီးအား 'ချစ်နှမ သင်ယောကျ်ားတို့ ပြုစုစောင့်ရှောက်နိုင်သော စည်းစိမ်မျိုးကို မယ်တော်၊ ခမည်းတော်၊ မောင်တော်၊ အစ်မတော်တို့က ပြုစုချီးမြှောက်ရန် မတတ်နိုင်ပါ။ အကယ်၍ မောင်တော်၏အသက်ကို ကယ်လျှင် နှမတော်အား အခြံအရံငါးရာနှင့်တကွ မိဖုရားကြီး အရာကိုပေးမည်'ဟု ပြော၏။ မင်းသမီးက—

'အရှင် ကတိတည်ပါစေ'ဟု ကတိကဝတ်ပြု၏။ ဥဒေနမင်းအား အကြံအစည်ကို ပြောပြ၏။

မင်းသမီးသည် ခမည်းတော်ထံသွား၍ ရှိခိုးပြီး 'ခမည်းတော်မင်းကြီး၊ မန္တန်သင်ကြားခြင်း အဆုံးသို့တိုင်လုပါပြီ။ နက္ခတ်ကြုံကြိုက်သော ညဉ့်တွင် နက္ခတ်တာရာတို့ကို ကြည့်ပြီး မန္တန်ကိုရွတ်၍ ဆေးမြစ်တစ်ခုကို တူးယူရန် ရှိပါ၍ သမီးတော်အား အချိန်မရွေးထွက်ရန် မြို့တံခါးပေါက်တစ်ပေါက်နှင့် စီးတော်ယာဉ်တစ်စီးကို ရလိုပါသည်'ဟု လျှောက်၏။

'ချစ်သမီး....ကြိုက်ရာဆင်ကို ယူ၍ ကြိုက်ရာတံခါးတစ်ခုကို ဖွင့်သော့'ဟု အမိန့်ပေး၏။

WWW.DHAMMARANSI.COM



## ဆက္ကာပဗ္ဗတမင်း၏ ရှေးကောင်းမှု

ဆက္ကာပဗ္ဗတမင်းသည် အလွန်မြန်သော ယာဉ်ငါးမျိုးကို ပိုင်ဆိုင်၏။ (၁) ယူဇနာငါးဆယ်ကို နေ့ချင်းရောက်နိုင်သော ဘဒ္ဒဝတီဆင်မ၊ (၂) ယူဇနာခြောက်ဆယ်ကို နေ့ချင်းရောက်နိုင်သော ကာကဒည်သောကျွန်။ (၃) ယူဇနာတစ်ရာကို နေ့ချင်းရောက်နိုင်သော ဧလကာဠီမြင်းနှင့် (၄) မုဉ္စကေသီမြင်း၊ (၅) ယူဇနာ တစ်ရာ့နှစ်ဆယ် နေ့ချင်းရောက်နိုင်သော နာဠာဂိရိဆင်ဟူ၍ ယာဉ်လျင်ငါးမျိုးကို ပိုင်၏။

ဤသို့ယာဉ်ငါးမျိုးကိုရသည့် ရှေးအတိတ်အကြောင်းကား ဘုရားပွင့်တော် မမူမီကာလက အစိုးတရ ပုဂ္ဂိုလ်တစ်ဦး၏ အလုပ်အကျွေးဖြစ်ခဲ့၏။ ဆရာတပည့်နှစ်ဦးမြို့အပြင်မှ ရေချိုး အပြန်တွင် အရှင်ပစ္စေကဗုဒ္ဓါ တစ်ပါးသည် မာရ်နတ်၏ ရည်ညွှန်းမှုဖြင့် ဆွမ်းမရဘဲ ဆေးပြီးတိုင်းသော သပိတ်တုံ့ဖြင့် မြို့တွင်းမှ ပြန်ကြွလာသည်ကို ဖူးတွေ့ကြရ၏။ အစိုးရပုဂ္ဂိုလ်သည် အရှင်မြတ်၏ သပိတ်ကိုကြည့်သော် ဘာမျှမမြင်သဖြင့် ဆွမ်းတစ်ရေးမျှ မရခဲ့ကြောင်းသိ၏၊ အိမ်၌ ထမင်းကျက်သည် မကျက်သည်ကိုမသိသေးသောကြောင့်သပိတ်ကိုခံယူဝံ့သေးဘဲ အရှင်ဘုရား ခေတ္တဆိုင်းငံ့တော်မူပါဟုဆိုပြီး အပည့်နှင့်အတူ အိမ်သို့ အမြန်ပြေး၏။ ထမင်း ကျက်ပြီးသည်ကိုတွေ့၍ မိမိ အလုပ်အကျွေး တပည့်အား 'အမောင်၊ အလျင်အမြန်သွား၍ အရှင်မြတ်အား သပိတ်ပေးတော်မူပါဟု တောင်းယူပြီးအမြန် ပြန်ခဲ့လော့' ဟု စေခိုင်း၏။ တပည့်သည် လျင်မြန်သောအဟုန်ဖြင့်ပြေး၍သပိတ်ကိုယူခဲ့၏။ အစိုးရပုဂ္ဂိုလ်သည်လည်း မိမိ အတွက် ထမင်းကို သပိတ်တွင်ပြည့်စေပြီး 'ဤသပိတ်အား

WWW.DHAMMARANSI.COM



အမြန်ယူ၍သွား၍ အရှင်မြတ်ကို ဆပ်ဆော့ပါသည် ဆင်အား ဤအဖို့ကိုပေးအံ့ ဟု ဆို၏။

အလုပ်အကျွေးသည် သပိတ်ကိုယူပြီး အမြန်ပေးသွား၍ အရှင်ပစ္စေကဗုဒ္ဓါအားဆက်ကပ်၍ ထိုခြင်းငါးပါးဖြင့်ရှိခိုးပြီး "အရှင်ဘုရား မွန်းတည့်ချိန်နီးပြီဟု တပည့်တော်သည် အလွန်လျင်မြန်သောအဟုန်ဖြင့် ပြန်သည်၊ပြန်၍ သွားသည်၊သွားခဲ့ပါ၏၊ ဤအကျိုးကြောင့် ယူဇနာငါးတာ၊ ခြောက်ဆယ် ဆစ်ရာ၊ ထစ်ရာနှစ်ဆယ် သွားနိုင်သည့် ယာဉ်ငါးမျိုးတို့ ဖြစ်ပါစေကုန်သတည်း၊ ပြန်စဉ်သွားစဉ် တပည့်တော်၏ ကိုယ်သည် နေပူရှိန်ကြောင့် ပူလောင်ခဲ့ပါ၏၊ ထို အကျိုးအားကြောင့် တပည့်တော် ဖြစ်တိုင်းသောအခါ၌ တပည့်တော်၏ အာဏာစက်သည် နေ၏အနွေးခိုးအောင် အာနုဘော်ကဲ့သို့ ဖြစ်ပါစေသတည်း"

ဤဆွမ်းကို လှူရာ၌ တပည့်တော်၏ အရှင်သခင်သည် အဖို့ကို ပေးခဲ့ပါ၏။ ထိုကုသိုလ်၏ အကြောင်းဆက်ကြောင့် အရှင်မြတ်တို့ သိမြင်အပ်သော တရားအဖို့သည် ဖြစ်ရပါလို၏" ဟု ဆုတောင်း၏။

ဤသို့လျှင် စဏ္ဍပဇ္ဇောတမင်းကြီးအား ရှေးကောင်းမှုရှိခဲ့သည်။ ဤကောင်းမှုကြောင့် ယာဉ်ငါးမျိုးတို့ကို ပိုင်ဆိုင်ရသတည်း။

## ဥဒေတနမင်း ပရိယာယ်

ဤမျှ အစွမ်းသတ်လှသော ယာဉ်ငါးမျိုးပိုင်ရှင် ဥဇ္ဇေနီဘုရင် စဏ္ဍပဇ္ဇောတမင်း၏ ဆက်မှ လွတ်မြောက်နိုင်ရန်မှာ လွယ်ကူသောအလုပ် မဟုတ်ပေ။

WWW.DHAMMARANSI.COM



တစ်နေ့ စဏ္ဍပဇ္ဇောတမင်း ဥယျာဉ်ကစားထွက်ခိုက်တွင် ဥဒေနမင်းလည်း မင်းသမီးကို အချိန်းအချက်ပြုကာ သားရေအိတ်ကြီးတွင် ရွှေငွေတို့ကိုထည့်ပြီး ဆင်လျင်ကိုစီး၍ ထွက်ပြေးကြလေသည်။

အစောင့်တို့သည် မင်းကိုအကြောင်းကြား၍ အလျင်အမြန် လိုက်ကြ၏။ ဥဒေနမင်းက နောက်မှလိုက်လာနေသောသူတို့အား ရွှေငွေတို့ကို တောချုံကြိုး၍ ပစ်ချပေးလေ၏။ (ပုံ-၃၁)



WWW.DHAMMARANSI.COM



နောက်ကလိုက်လာသူတို့သည် တောချုံတို့အကြားမှ ရွှေငွေ တို့ကိုရှာရင်း ကျန်ခဲ့စဉ် ဥဒေနမင်း ဗိုလ်ပါတို့ စောင့်နေ နေကြသော သစ်ခက်မြို့သို့ ရောက်လေ၏။

ဥဒေနမင်းသည်း ဗိုလ်ပါတို့နှင့်အတူ ကောသမ္ဗီပြည် တွင်းသို့ဝင်၍ ဝါသုလဒတ္တမင်းသမီးကို မောင်းမငါးရာဖြင့် မိဖုရား မြှောက်လေ၏။

ကောသမ္ဗီဘုရင် ဥဒေနမင်းတွင် မိဖုရားကြီးသာမာဝတီ နှင့် ဝါသုလဒတ္တမိဖုရားဟူ၍ မိဖုရားနှစ်ပါး ရှိလေပြီ။

## ဘုရားရှင်နှင့် မာဂဏ္ဍီ

ကုရုတိုင်း တစ်ခုသော နိဂုံးတွင်အဖေ မာဂဏ္ဍီ၊ အမေ မာဂဏ္ဍီ၊ သမီး မာဂဏ္ဍီ၊ နာမည်တစ်မျိုးတည်းနှင့်သားအဖ သုံးယောက်ရှိကြသည်။ ဘထွေးကလည်း မာဂဏ္ဍီပင် အမည် တွင်၏။ ထိုသမီးသည် နတ်သမီးတမျှ အလှနှိုင်းချောလှ၏။ မင်းသား၊ သူဌေးသားတို့ လာရောက်စပ်ဟပ်ကြသော်လည်း ငါ့သမီးနှင့် မတန်ဟုဆိုကာ ပြောလွှတ်၏။

မြတ်စွာဘုရားသခင်သည် မိုးသောက်အခါ လောကကို ကြည့်တော်မူသော် မာဂဏ္ဍီ ပုဏ္ဏားလင်မယားတို့ အနာဂါမိ တည်ခြင်းအဖြစ်ကို သိတော်မူ၍ သပိတ်သင်္ကန်းကို ကိုယ်တော် တိုင် ယူဆောင်ပြီးလျှင် နိဂုံးရွာသို့ ကြွတော်မူ၏။

မာဂဏ္ဍီပုဏ္ဏားသည် ခရီးအကြား၌ ဘုရားသခင်ကို တွေ့မြင်သောအခါ ယောက်ျားမြတ်တို့၏ လက္ခဏာကို မြင်လျှင်....

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



'ညီသူသာ ငါ့သမီးနှင့်ထိုက်တန်၏' ဟု မြတ်စွာဘုရားထံ ချဉ်းကပ်၍ 'နတ်သမီးတမျှ လှပသော သမီးကိုပေးလိုပါ၍ ဤနေရာမှာ ခေတ္တစောင့်ပါ' ဟု ဆို၏။ မြတ်စွာဘုရားသည် ပုဏ္ဏား၏ စကားကို နှုတ်သက်လက်ခံခြင်း၊ ပယ်မြစ် ကန့်ကွက်ခြင်းတို့ကို ပြုတော်မမူ၊ ပုဏ္ဏားသည် အိမ်သို့ပြန်ဆော သမီးကို တန်ဆာဆင်စေ၍ ခေါ်လာခဲ့၏၊ မာဂဏ္ဍီသားစု လှုပ်ရှားတာကို မြင်သဖြင့် ရှုသူရှုသားတို့က မာဂဏ္ဍီပုဏ္ဏားသည် ငါ့သမီးနှင့် ထိုက်တန်သူမရှိဟု ဆိုခဲ့၏၊ ယခု ထိုက်တန်သူ တွေ့ပြီဟု ဆိုသည်၊ အဘယ်သို့သော ယောကျ်ားနည်းဟု သိလိုသဖြင့် လူအပေါင်းတို့သည် လိုက်၍ ကြည့်ကြ၏။

ဘုရားသခင်အား မူလ နေတော်မူရာ၌ ခြေတော်ရာကို ချတော်မူခဲ့၍ နီးမဝေး၌ သီတင်းသုံး နေတော်မူ၏။

(မြတ်စွာဘုရားတို့၏ ခြေတော်ရာသည် အဓိဋ္ဌာန်၍ နင်းရာ၌သာ ခြေတော်ရာ ထင်သော်၏၊ အခြားနေရာ၌ ခြေတော်ရာ မထင်ကုန်၊ အကြင်သူတို့သည် ခြေတော်ရာကို အလိုရှိ၍ ဆောက်တည် တောင်းပန်၏။ ထိုဆောက်တည်သော ခြေတော်ရာအား မည်သူမျှ ဖျက်ဆီးရန် မတတ်နိုင်ပေ။)

## ခြေရာတို့၏သဘော

(ဗုဒ္ဓဝင်၊ မာရ်နတ်သမီးများဝတ္ထု)

ထိုအရပ်သို့ရောက်သော်-ပုဏ္ဏေးမက ထိုယောကျ်ားအဘယ်မှာနည်းဟု မေး၏၊ ပုဏ္ဏားက ဤနေရာ၌ ဆိုင်းငံ့နေပါဟု ရှင့်ကို မှာခဲ့သည်ဟု ပြောဆိုပြီး ထိုမှ ဤမှ ရှာဖွေရာ၊ ခြေတော်ရာကို တွေ့မြင်သော်....

WWW.DHAMMARANSI.COM



'ဤသည်အား ထိုယာကျီး၏ ခြေရာတည်း' ဟု ပြောလေ၏။

ပုဏ္ဏားမသည် လက္ခဏာ၏ လိမ္မာကျွမ်းကျင်သူသည် ဖြစ်၏။ 'ပုဏ္ဏားကြီး၊ ဤခြေရာသည် ကာမဂုဏ်ခံစားသူ၏ ခြေရာမဟုတ်၊ ဤခြေရာအား ကိလေသာကင်းသူ၏ခြေရာ သာ တည်း။

ပုဏ္ဏားကြီး၊ တပ်မက်သူ၏ခြေရာသည် ခြေဖျားထောက်လျက်ဖြစ်၏။ အမျက်ထွက်သူ၏ ခြေရာသည် ဖနောင့်ခွက်၏။ တွေဝေသူ၏ခြေရာသည် ဆွဲငင်တိုက်ဖြစ်၏၊ ကာမဂုဏ် ကင်းသူ၏ ခြေရာအား ဤခြေရာတည်း' ဟု ဆို၏။

ထိုအခါ ပုဏ္ဏားမကို ပုဏ္ဏားကြီးသည်....

'ရှင်....အသံမပြုနှင့်၊ တိတ်တိတ်သာ လာခဲ့' ဟု ဆို၍ သွားကြ၏။ မြတ်စွာဘုရား သီတင်းသုံးရာ အရပ်ကို မြင်လျှင်...

'ငါ ပြောသူကား ဤယာကျီး တည်း' ဟု ပုဏ္ဏားမအား ပြော၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်...

'ရဟန်း၊ သမီးကို သင်အား ပေးအံ့' ဟု ဆိုလေ၏။ မြတ်စွာဘုရားသည် သင့်သမီးကို ငါ အလိုမရှိဟူ၍ မဆိုဘဲ...

'ပုဏ္ဏား၊ အကြောင်းတစ်ခုကို ပြောဆိုအံ့၊ နားထောင်လော့' ဟု မိန့်တော်မူပြီးလျှင် တောထွက်တော်မူသည်မှ စ၍ အတိတ်ကို ဆောင်၍ ပြတော်မူ၏။

## ခုနစ်နှစ်ပတ်လုံး မာရ်နတ် အပြစ်ရှာမှု

ဘုရားအလောင်းတော်သည် တိုင်းပြည် စည်းစိမ်ကို စွန့်၍ ကဏ္ဍကမြင်းတော်ကို စီးလာ ဆန္နအမတ်ကို အဖော်ပြုလျက် ထွက်တော်မူစဉ် မာရ်နတ်သည် မြို့တံခါးဝမှာရပ်လျက်....

WWW.DHAMMARANSI.COM



'သိဒ္ဓတ္ထမင်း မြန်ပါ၊ ယနေ့မှစ၍ ခုနစ်ရက်မြောက်သော နေ့၌ သင့်အတွက် စကြာရတနာ အထင်အရှားဆိုက်ရောက်လာ လိမ့်မည်' ဆို၍ တား၏။ ဘုရားအလောင်းတော်က...

'မာရ်နတ်၊ စကြာရတနာ ထင်ရှား ဆိုက်ရောက်မည့် အကြောင်းကို ငါသိ၏။ ငါသည် စကြာရတနာကို အလိုမရှိ' ဟု ဆို၏။ ထိုအခါ 'အဘယ်အကျိုးငှာ တောထွက်အံ့နည်း' ဟု မေးလျှင် 'သဗ္ဗညုတဉာဏ်တော်အလို့ငှာ တောထွက်သည်' ဟု မိန့်၏။

'သို့ဖြစ်လျှင် ယနေ့မှစ၍ ကာမဝိတက်စသည်တို့တွင် တစ်ခု ခုသော ဝိတက်ကို ကြံလျှင် သင့်အား ငါအဘယ်သို့ပြုမည်ကို သိရပေအံ့' ဟု ကြုံးဝါး၏။

မာရ်နတ်သည် ထိုအခါမှစ၍ ခုနစ်နှစ်ပတ်လုံး ဘုရား အလောင်းနောက်သို့ အစဉ်လိုက်၍ အပြစ် အနာအဆာကို ကြည့်၍သာ နေလေ၏။

## မာရ်နတ်သမီး၏ ရာဂ ကျော့ကွင်း

မြတ်စွာဘုရားသည် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်၍ ယောကျ်ားမြတ်တို့၏အား လုံ့လတော်ကိုမှီပြီး ဗောဓိ ပင်ရင်း၌ သဗ္ဗညုတ ဉာဏ်တော်ကို ထိုးထွင်းသိတော်မူလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူအံ့ ပဉ္စမသတ္တာဟ၌ ဆိတ်ကျောင်းညောင်ပင်ရင်းတွင် သီတင်းသုံးတော် မူလေ၏။ ထိုအခါ မာရ်နတ်သည်....

'ငါသည် ဤမျှလောက်သော ကာလပတ်လုံး အစဉ်လိုက် ၍ အပြစ်အနာအဆာကို ကြည့်သော်လည်း သိဒ္ဓတ္ထမင်းသား အား အစ်စုံတစ်ခု ချွတ်ယွင်းမှုကိုမမြင်၊ ယခုသူသည်ငါ၏နယ်

WWW.DHAMMARANSI.COM



ပယ်ကိုလွန်ခဲ့ပြီဖြစ်ကြီးသွားသောသည်’ဟု စိတ်နှလုံး မသက်မသာ ဖြစ်ရ လမ်းခရီး၌ ထိုင်၍ငိုင်နေ၏။

ထိုအခါ မှာရိန္ဒတီ၏ သမီးသုံးယောက်ဖြစ်သော တဏှာ၊ အရတီ၊ ရာဂါတို့သည် ဖခင် မာရ်နတ်မင်းကို မမြင်၍ ရှာဖွေကြသော် လမ်းမကြီး၌ထိုင်၍ စိတ်နှလုံးမသက်မသာဖြင့် ငိုင်နေသော မာရ်နတ်မင်းကို မြင်လေလျှင် အနီးသို့ချဉ်းကပ်၍—

‘ခမည်းတော် အဘယ်ကြောင့် မျက်နှာမသာ၊ စိတ်နှလုံး ဆင်းရဲနေဘိသနည်း’ဟု မေးကြ၏။

မာရ်နတ်သည် သမီးတို့အား အကြောင်းစုံကိုပြောကြားလေ၏။

‘ဤကိစ္စအတွက် မစိုးရိမ်ပါနှင့်၊ သမီးတို့သည် မိမိတို့အလို၌ ပါအောင်ပြု၍ ခေါ်ဆောင်ခဲ့ပါမည်’ဟု ဆိုကြ၏။

‘သမီးတို့၊ ဤကိစ္စအတွက် လွယ်ကူမည် မဟုတ်ပေ’

‘ခမည်းတော်၊ သမီးတို့သည် သိဒ္ဓတ္ထခင်းသားကို ရာဂကြိုးကွင်းစသည်တို့ဖြင့် ချည်နှောင်ဆွဲခေါ်ခဲ့ပါမည်၊ မစိုးရိမ်ပါနှင့်’ဟု ဆို၍ မြတ်စွာဘုရားထံချဉ်းကပ်ကြကုန်၏။

‘ရှင် ရဟန်း၊ သင်၏ခြေရင်း၌ လုပ်ကျွေးပါကုန်အံ့’ ဟု ဆိုကြ၏။

မြတ်စွာဘုရားသည် နတ်သမီးတို့စကားကို နှလုံးသွင်းခြင်း ပြုတော်မမူ၊ မျက်စိကို ဖွင့်၍မျှ ကြည့်တော်မမူပေ။

## မာရ်နတ်သမီးတို့ ကြံကြံဖန်ခြင်း

မာရိနတ်သမီးတို့သည် အားမလျှော့ကြသေး။

ယောကျ်ားတို့၏ အလိုဆန္ဒသည် အမျိုးမျိုးရှိကြ၏၊ အချို့

WWW.DHAMMARANSI.COM



ကား ယိုင်ယိုင်ရွှယ်ရွှယ်ကို ချစ်ခင်တတ်၏။ အချို့ကား ပထမ အရွယ်သို့ရောက်စသော မိန်းမတို့ကို လိုလားကြ၏၊ အချို့ကား အလယ်အလတ်အရွယ်၌ရှိသော မိန်းမတို့ကို နှစ်သက်ကြကုန်၏၊ အချို့ကား မိန်းမကြီးတို့၌ ချစ်ခင်ခြင်းဖြစ်၏၊ အရွယ်အမျိုးမျိုးဖြင့် သိဒ္ဓတ္ထမင်းသားကို ဖြားယောင်းကြအံ့ဟူ၍ တစ်ယောက် တစ်ယောက်သည် တစ်ရာတစ်ရာစီသောကိုယ်တို့ကို ဖန်ဆင်း၍ မိန်းမပျိုလေးအရွယ်၊ သားမဖွားဖူးသေးသောအရွယ်၊ တစ်ကြိမ် သားဖွားပြီးသောအရွယ်၊ နှစ်ကြိမ် သားဖွားပြီးသော အရွယ်၊ မိန်းမအလတ်အရွယ်၊ မိန်းမကြီးအရွယ်တို့ကို ဖန်ဆင်း၍ ခြောက်ကြိမ်တိုင်တိုင် ချဉ်းကပ်ကာ ဖြားယောင်း ကြကုန်၏။

မာရ်နတ်သမီးများ မှုကြွယ်ကြွယ်ပြောဆိုသော စကားများကို မြတ်စွာဘုရားသည် (အတုမရှိ မြင့်မြတ်သော ဥပဓိလေးပါးကုန်သော နိဗ္ဗာန်၌သာ နှလုံးသွင်းခြင်း ဟူသော အကြောင်းဖြင့်) ထိုမိန်းမတို့၏စကားကို နှလုံးသွင်းတော်မမူ။

ထိုနောက် မြတ်စွာဘုရားသည် ဤမျှလောက်အထိ လိုက်လံ နှောင့်ယှက်နေကြကုန်သောမာရ်နတ်သမီး သုံးယောက်တို့ကို...

'ဖယ်ကြကုန်လော့၊ အဘယ်ကိုမြင်၍ ဤသို့ အားထုတ်နေကြသနည်း။ ဤသို့သော ဖြားယောင်းမှုမျိုးကို ရာဂ ကင်းသော ဘုရား ရဟန္တာ တို့၏ရှေ့တော်၌ပြုမှု မထိုက်၊ မြတ်စွာဘုရား သည် ရာဂ စသည်တို့ကို ပယ်အပ်ပြီးပြီ၊ ထိုမြတ်စွာဘုရားကို အဘယ် အကြောင်းကြောင့် မိမိအလိုသို့ ဆောင်နိုင်ကုန် အံ့နည်း'

ဟု မိန့်တော်မူကာ ဒေသနာတော်ဆို ဟောကြားတော် မူသည်မှာ...

WWW.DHAMMARANSI.COM



၁၃၉။ အကြင်မြတ်စွာဘုရားသည် အောင်အပ်ပြီးသော ကိလေသာကို တစ်ဖန် အောင်ဖွယ်မရှိ၊ လောက၌ အကြင်မြတ်စွာဘုရား၏ အောင်ပြီးသော ကိလေသာနောက်သို့ ကိလေသာ တစ်စုံတစ်ခုမျှ အစဉ် မလိုက်တော့ချေ၊ အပိုင်းအခြားမရှိ ကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ်ရှိတော်မူသော၊ ရာဂစသော ခြေရာလမ်းကြောင်း မရှိသော မြတ်စွာဘုရားကို အဘယ်လမ်းကြောင်းဖြင့် သင်တို့ ခေါ်ဆောင်နိုင် ကုန်အံ့နည်း။

၁၄၀။ အကြင် မြတ်စွာဘုရားအား တစ်စုံတစ်ခုသော ဘဝသို့ ပို့ဆောင်ရန် ပိုက်ကွန်ပမာ ကပ်ငြိ တတ်သော တဏှာသည် မရှိ၊ အပိုင်းအခြား မရှိ၊ ကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ်ရှိတော်မူသော ရာဂ စသော ခြေရာလမ်းကြောင်း မရှိသော ထို မြတ်စွာဘုရားကို အဘယ်ခရီး လမ်းကြောင်းဖြင့် သင်တို့ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

ဒေသနာတော်၏ အဆုံး၌ နတ်အပေါင်းများစွာတို့အား တရားထူးကို ထိုးထွင်း၍ သိမြင်ကြကုန်သည် ဖြစ်လေ၏။ မာရ်နတ်သမီးတို့သည် ထိုနေ့ရာ၌ပင် ကွယ်ပျောက်ကုန်၏။

မြတ်စွာဘုရားတို့သည် တရားဒေသနာတော်ကို ဆောင်တော်မူပြီးလျှင် မာဂဏ္ဍီ ပုဏ္ဏား၊ ငါဘုရားသည် ရှေးအခါ၌ ဤ မာရ်နတ်မင်းသမီးသုံးယောက်ကို မြင်ခဲ့ရပြီ၊ သလိပ်စသည်တို့ဖြင့် မလိမ်းကျံ့ဘဲ ရွှေတုံးရွှေခဲနှင့်တူသော ခန္ဓာကိုယ်ဖြင့်

၅(ဓမ္မဓာကြီးမ်)

WWW.DHAMMARANSI.COM



ပြည့်စုံကြကုန်၏။ ထိုအခါ၌ဒေါင်းသည်။ မေထုန်မှု၌ ဆန္ဒဖြစ်ခဲ့သည့်အစတည်း။ ယင်းအမျိုးကိုယ်သည်အား သုံးဆယ့်နှစ်ပါးသော အခြင်းအရာ အပုပ်အသိုး အပြည့်ဖြင့်၍ အပြင်ပ၌ အဆင်းအကြွယ်ပြုအပ်သော မစင်အိုးအဖွယ်ဖြစ်၏။

ထိုသို့ သဘောရှိသော အသင်၏သမီး၏ ကိုယ်၌ ငါဘုရားသည် ခြေတို့ကို မထိလိုပေအကား၊'ဟုမိန့်ခဲ့တော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

'တဏှာ၊ အရတိ၊ ရာဂါ မာရ်နတ်သမီးတို့ကိုမြင်၍ ငါ့မှာ မေထုန်မှု၌ ဆန္ဒသည်း မဖြစ်ခဲ့ပေ၊ ကျင်ငယ်ကျင်ကြီး အပြည့်ဖြစ်သော ဤအင်တို့သမီး မာဂဏ္ဍီ၏ ခြေဖြင့်လည်းတို့ ထိရန် အလိုမရှိပေ'

ဒေသနာအဆုံး၌ ပုဏ္ဏားလင်မယားနှစ်ဦးတို့သည် အနာဂါမိဖိုလ်၌တည်ကြလေ၏။ (ဗုဒ္ဓဝင် ဂ၊ မာရ်နတ်သမီးများ စတွဲပြီး၏။)

## မြတ်စွာဘုရားအား ရန်ငြိုးထားခြင်း

မာဂဏ္ဍီသည် ဤရဟန်းသည် ငါ့ကိုမလိုချင်လျှင် မလိုချင်ကြောင်းကိုသာ ပြောအပ်ပါလျက်၊ ငါ့ကို ကျင်ကြီး ကျင်ငယ် တို့ဖြင့် ပြည့်သည်ဟု ပြောဆို၍ ခြေဖြင့်ပင်ထိရန် အလိုမရှိဟု ဆိုပေသည်။ နေနှင့်ဦး၊ ငါ့၌ လျောက်ပတ်သော အဆင့် ယောကျ်ားကိုရလျှင် ရဟန်းဂေါတမအား လက်စားချေနိုင်သမျှချေအံ့'ဟု မြတ်စွာဘုရားအပေါ်၌ ရန်ငြိုးဖွဲ့လေ၏။

WWW.DHAMMARANSI.COM



## သိတော်မူသော မြတ်စွာဘုရား

မြတ်စွာဘုရားသခင်သည် မာဂဏ္ဍီ အတွက်သမီး၊ မိမိအားပေါ် ရန်ငြိုးထားသော အမျိုးသမီးတဖြစ်အံ့သည်ကို သိတော်မူသောအား သိတော် မမူသလောဟု မေးလျှင် သိတော်မူသည်သာ ဖြစ် အပ်၏။

သိတော်မူပါလျက် အဘယ်ကြောင့် ဤသို့ ဟောတော်မူ ပါသနည်းဆိုလျှင် မာဂဏ္ဍီ မိဘနှစ်ဦး အကျိုး ဟောတော်မူ လေ၏။

မှန်၏။ ဘုရားရှင်တို့မည်သည် ရန်ငြိုးအားထားသောကို ထွက် တော်မမူ၊ ဧဝံ ဖိုလ် ရနိုင်ကြသော သူတို့အတွက်သာလျှင်ကို တော်ကြွခြင်းတော်မူသည်သာ ဖြစ်သတည်း။

ပုဏ္ဏားကြင်မယားသည် အနာဂါမိဖိုလ်ကိုရပြီး အမျိုးကို ညီဖြစ်သူ စူဠမာဂဏ္ဍီပုဏ္ဏားထံအပ်ထား၍ ဘုရားရှင်ထံ၌ ရဟန်းပြုကြသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

## ဥဒေနမင်း၏ မိဖုရားဖြစ်ခြင်း

ဘထွေးပုဏ္ဏားသည် မာဂဏ္ဍီအား ဥဒေနမင်းထံ ဆက် သလျှင် ဥဒေနမင်းသည် မာဂဏ္ဍီကို မြတ်နိုးလှစွာ မောင်းမငါးရာ အခြံအရံဖြင့် မိဖုရားကြီးအရာ ထားခဲ့သည်။

မှတ်ချက်။ ဥဒေနမင်း၏ ကောသမ္ဗီပြည်တွင် သာမာဝတီ မိဖုရားကြီး၊ ဝါသုလဒတ္တာ မိဖုရားကြီး၊ မာဂဏ္ဍီ မိဖုရားကြီးဟူ၍ မိဖုရားသုံးယောက်ကို မောင်းမ ငါးရာစီဖြင့် တန်းတူ မိဖုရားကြီးများ အဖြစ် ထားခဲ့ပါသည်။

WWW.DHAMMARANSI.COM



# ဘုရားရှင်သာသနာနှင့် ကောသမ္ဗီပြည်



## ရသေ့ ငါးရာနှင့် ညောင်ပင်စောင့်နတ်

ကောသမ္ဗီပြည်တွင် ဃောသက သူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိက သူဌေးဟူ၍ သူဌေးသုံးဦးရှိ၏။ ဟိမဝန္တာ၌နေကြသော ရသေ့ငါးရာတို့အား သူဌေးသုံးဦးတို့ ပင့်ဖိတ်ထားကြသဖြင့် ဟိမဝန္တာတွင် နွေ၊ ဆောင်း ရှစ်လနေ၍ မိုးတွင်းလေးလတွင် ကောသမ္ဗီပြည်သို့ ကြွရောက်သီတင်းသုံးကြ၏။

WWW.DHAMMARANSI.COM



ဤနှစ်မိုးဦးကျတွင် ရဟန်းငါးရာ ကြွလာရာ အမ်းခရီး အစေအုပ်အသယ် ညောင်ပင်ကြီးတစ်ပင်အောက်တွင် မှားနီးနေကြရင်း....

'ဤညောင်ပင်၌ တန်ခိုးကြီးသော နတ်တစ်ပါးရှိရာ ထိုနတ်မင်းသည်ငါတို့အားသောက်ရေလှူလျှင်ကောင်းလေစွ' ဟု စိတ်၌ကြံ၏။ နတ်သည် သောက်ရေလှူဒါန်း၏။ ရဟန်းကြီးအချိုးရေကိုကြံစည်ခါလျှင် ချိုးရေကိုလှူဒါန်း၏၊ ဘောဇဉ်ကိုကြံစည်ပါလျှင် နတ်က ဆွမ်းဘောဇဉ် လှူဒါန်း၏။

ရဟန်းကြီးအား နတ်မင်းကိုမြင်ရလျှင် ကောင်းလေစွဟု ကြံလျှင် ညောင်ပင်၏ ပင်စည်ကိုဖောက်၍ ကိုယ်ထင်ရှားပြ၏။ ရဟန်းတို့က 'အဘယ်ကောင်းမှုကြောင့် ဤစည်းစိမ်ကို ရသနည်း' ဟုမေးကြ၏။ နတ်က 'ကောင်းမှုမှာ နည်းလွန်း၍ ရှက်၍ မပြောပါရစေနှင့်' ဟုဆို၏။ (ပုံ-၈၄)။ ရဟန်းတို့က အတန်တန်မေးမှ 'ရှက်ရှက်နှင့်ပင် ပြောပါရစေ' ဟု ပြော၏။

ညောင်စောင့်နတ်သည် လူ့ဘဝက ဆင်းရဲလှ၍ အနာထပိဏ် သူဌေးကြီးအိမ်တွင် အလုပ်တောင်း၏။ အပြင်ထွက်၍ လုပ်ရသော အလုပ်ကိုရ၏။ အနာထပိဏ် သူဌေးကြီးအိမ်တွင် ဥပုသ်နေ့တိုင်း နေအိမ်တွင်ရှိသမျှ လူတိုင်း ဥပုသ်စောင့်ကြ၏။ ကလေးများကိုပင် ခံတွင်းကိုဆေး၍ စတုမဓုကို ခံ့ပေးကြ၏။

သူဌေးကြီး ကျောင်းမှပြန်လာလျှင် အိမ်သားများအား လူအစ် အခစားအလုပ်သမားကို ယနေ့ ဥပုသ်နေ့ဖြစ်ကြောင်း ပြောမိသလားဟု မေး၏။ မပြောမိကြောင်း ဖြေလျှင် သူ့အတွက် ထမင်းချက်ခိုင်း၏။

WWW.DHAMMARANSI.COM





လုပ်ခဲ့သောသည် အပြင်ဘက်လုပ်၍ ပြန်လာ၏၊ ထမင်းကျော်ထား ထမင်းမျှား ခူးခပ်ကျွေး၍ စကျွေး၏၊ မတော်တဆ [illegible] ခဲ့သော ကြည့်နေ၏၊ ယနေ့ညနေစာချိန်တွင် [illegible] ကိုဆို [illegible] လျှသဖြင့် ဆာမင်း ချက်တော်မူကြည့်၏။ ထမင်းချက်က ယနေ့ ဥပုသ်နေ့ဖြစ်၍ တစ်အိမ်လုံး ဥပုသ်စောင့် [illegible] ညစာ [illegible] ကြ၍ အိမ်မှလွှဲ ချိန်တွင် [illegible] ကြောင့် အိပ်ပျော် [illegible] ဒွတ္တိ [illegible] ဉာဏ်နိုး ကျ [illegible] ပြန်ကြသည် [illegible] သည်လူ [illegible] ယနေ့ဥပုသ်စောင့်

WWW.DHAMMARANSI.COM



ကြမည့်ကို မပြေးနိုင်သဖြင့် သင်ဆင်ယောက်ျား သား ထမင်းချက် ထမ်းရခြင်းဖြစ်သည်ဟု ပြောပြ၏။

လူဆင်းရဲသည့် စေတနာရှေ့ထက်လှူ၏။ ယခု ညနေပိုင်း ဥပုသ်စောင့်၍ ဖြစ်ပါသလားဟု မေး၏။ ထမင်းချက်အ သူဌေးကြီး၏ မနေ့ညဦးမည် ဟုပြောပြီး သွားနေကြသည်။ ယခုထမင်းစားသော ခံတွင်းကိုဆေးကြော၍ အင်္ဂါရှစ်ပါး နှင့်ပြည့်စုံသော ရှစ်ပါးသီလကိုခံယူ၍ဥပုသ်စောင့်လျှင် ဖြစ်၏ဟုပြောပြ၏။ လုပ်ငန်းအလုပ်သမားသည် ညစာကိုမစားတော့ဘဲ ခံတွင်းကိုဆေးကြော၍ သီလခံယူဥပုသ်စောင့်ထိန်းလေ၏။

အသက်နှင့်လဲ၍ စောင့်သော ဥပုသ်

ညဉ့်ဦးပိုင်းသို့ရောက်လေလျှင် တစ်နေ့လုံး အလုပ် လုပ်ပြီး ဘာမှမစားရသောကြောင့် လေတွင်သည်ထလာသည်။ ရင်ထဲမှ အောင့်လာသည် ခေါင်းကို ကြိုးဖြင့် စည်းချီထား၏။ ကြမ်းပေါ်၌ မရေမနိုင်ဖြစ်လာပြီး လူးလိမ့်နေ၏။ အလုပ် သမားတို့ ဝိုင်းပြုစုကြ၏။ အနာထပိဏ်သည် မီးရှူးတိုင် ဖြင့် အိမ်ပေါ်မှဆင်းလာ၍ တွေ့မရှုယူလာ၏။

အရှင်သူဌေးကြီး ပါသလော ဟု မေး၏။ ဝေဒနာ ဖြစ် လာသော် ဆေးကြ၏ ဟု ဖြေ၏။

အကျွန်ုပ်သည် ဥပုသ်တစ်ခုတ် အဝဒေါင်ရှုပါ၏၊ အပျက် မခံနိုင်ပါ၊ အောင့်၍ ကြည့်မည်ဟုဆိုသဖြင့် အနာထပိဏ် သူဌေးသည်ပြန်သွား၏၊ နံနက်ရောက်တော်ပတ် လေးဆွေ ဖြစ် ပင် ကွယ်လွန်သွား၏၊ ချက်ချင်းပင် ညောင်ပင်၌ ရုက္ခစိုး ဖြစ် ခဲ့၏။ ထိုအပြောစကားကြားသော် နေ့လယ်ဥပုသ်၏ ကုသိုလ် အကျိုး လ ဂ စဉ် ဤညစ်မိကို ငုံ့ခဲ့၏။

WWW.DHAMMARANSI.COM



'ဘုရား, ကျောင်းဒါယကာကြီး အနာထပိဏ်သူဌေးနှင့် တစ်အိမ်သားလုံးသည် ဘုရား, တရား, သံဃာ ရတနာသုံးပါး၌ အလွန် ကြည်ညိုကြပါသည်'ဟု လျှောက်ပင်လေ၍ နတ်သမီးက ပြောပြလေသည်။

'ဘုရား' ဟူသော အသံကိုကြားသည်နှင့် ရသေ့ကြီးငါးရာ တို့သည် နှုတ်မှထ၍ လက်အုပ်ချီကြလျက် 'ဘုရားဟူ၍ အင်ဆိုသနည်း၊ ဘုရားဟူ၍ အင်ဆိုသနည်း'ဟု မေးကြကုန်သဖြင့်—

'မှန်ပါသည်၊ ဤလောကသို့ ဘုရား, တရား, သံဃာ, ရတနာသုံးပါးပေါ်ထွန်းလျက် ရှိနေပါသည်'ဟု ဆိုသော်—

'ဤဘုရားဟူသော အသံသည်ပင် လောက၌ ရခဲပေ၏' ဟူ၍ ဥဒါန်းကျူး၍ 'နတ်မင်း၊ အမွှာသိန်းပေါင်းများစွာမကြား ရဖူးသော 'ဘုရား'ဟူသော အသံကို အင်သည် ပြောကြား၏။ ဘုရားရှင်သည် ယခုအဘယ်အရပ်၌ သီတင်းသုံးပါသနည်း'ဟု မေး၏။

'သာဝတ္ထိပြည်၌ သီတင်းသုံးလျက်ရှိပါသည်'ဟု နတ်မင်းက ဖြေကြား၏။

## မြတ်စွာဘုရားထံ သွားရောက်ကြခြင်း

ရသေ့ငါးရာတို့ ကောသမ္ဗီပြည်သို့ရောက်လျှင် သူဌေးကြီး သုံးဦးအား လောက၌ ဘုရားသည် ပွင့်တော်မူပြီတဲ့၊ တရား တော်သည် ထင်ရှားရှိနေပြီတဲ့၊ သံဃာတော်သည်ဖြစ်ပေါ်နေပြီ တဲ့၊ ထို့ကြောင့် ငါတို့ဘုရားရှင်ထံ သွားတော့မည်ဟု ကြောင်း ခွင့်ပန်၏။ သူဌေးသုံးဦးကလည်း 'တပည့်တော်တို့လည်း လိုက်ပါ ကြမည်၊ အရှင်ရသေ့တို့ဆိုင်းငံ့တော်မူကြပါ၊ အစီအစဉ်များ ပြုလုပ်ပါမည်'ဟု ဆိုသည်၊ ရသေ့တို့က 'အင်တို့ အစီအစဉ်

WWW.DHAMMARANSI.COM



ပြုလုပ်နေလျှင် ငါတို့ကြွနိုင်ကြတော့မည်၊ သင်တို့လိုက်ခဲ့ကြပါ'ဟု ဆိုပြီးလျှင် သွားနှင့်ကြ၏။

မြတ်စွာဘုရားထံတော်သို့ရောက်လျှင် ကြည်နူးသဒ္ဒါ ချီးမွမ်း ထောပနာ၍ ရှိခိုးကြကုန်၏၊ ဘုရားသည် အစီအစဉ်အတိုင်း တရားစကား ဟောကြားတော်မူရာ၊ ဒေသနာတော် အဆုံး၌ ရှေးအားလုံးပင် ပဋိသမ္ဘိဒါဉာဏ်ပါနှင့်တကွ အရဟတ္တ ဖိုလ်သို့ ရောက်ကြပြီးနောက် ရဟန်းအဖြစ်ကို တောင်းပန်ကြ သဖြင့် 'ဧဟိဘိက္ခု' အဖြစ် တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်း ဆောင်သည့် ရဟန်းများဖြစ်ကြကုန်၏။

## ကောသမ္ဗီပြည်သို့ပင့်ခြင်း

သူဌေးကြီးသုံး-ဦးတို့သည် လှည်းငါးရာစီဖြင့် လှူဖွယ်တို့ကို ဆောင်ပြီး မြတ်စွာဘုရား တရားဟောနာကြရာ သောတာပတ္တိ ဖိုလ်၌ တည်ကြကုန်၏၊ တစ်ဆယ့်ငါးရက်တိုင်တိုင် အလှူကြီး ပေး၍ မြတ်စွာဘုရားရှင်အား ကောသမ္ဗီပြည်သို့ ကြွရောက် ပါရန် ပန်ကြားလျှောက်ကြ၏။

## ကောသမ္ဗီမှ ကျောင်းတော်ကြီးများ

မြတ်စွာဘုရားသည် ဒကာကြီးတို့၊ မြတ်စွာဘုရား တို့သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကုန်၏'ဟု မိန့်တော်မူ၏၊ 'အစဉ် တော်တို့ သိပါကုန်၏၊ တပည့်တော်တို့သည် အခင်းစကား စေလွှတ် လျှောက်ထားပါလျှင် ကြွတော်မူပါ'ဟု လျှောက်ထားခဲ့ကြ၏။

ကောသမ္ဗီပြည်သို့ရောက်လျှင် ဃောသကသူဌေးကြီးက ဃောသိတာရုံကျောင်း၊ ကုက္ကုဋသူဌေးကြီးက ကုက္ကုဋာရုံ ကျောင်း၊ ပါဝါရိကသူဌေးကြီးက ပါဝါရိကကျောင်းဟူ၍

WWW.DHAMMARANSI.COM



ကျောင်းတော်ကြီး သုံးကျောင်း ဆောက်လုပ်၍ မြတ်စွာဘုရားအား ပင့်ပြီး လှူဒါန်း လုပ်ကျွေးကြ၏။ ဘုရားသခင်သည် တစ်နေ့လျှင် ကျောင်းတစ်ကျောင်း၌ သီတင်းသုံးတော်မူ၍ သီတင်းသုံးရာ ကျောင်းတကာ အိမ်၌ ဆွမ်းခံကြွတော်မူ၏။

## သုမနပန်းသည်

ထိုသူဌေးကြီးအိမ်သို့ ပန်းများ ပေးသွင်းရသော သုမနပန်းသည်က သူဌေးကြီးအား အကျွန်ုပ်သည် သူဌေးကြီးတို့အား ရက်ပေါင်းများစွာ ကျွေးမွေးပြီးခဲ့ပါ၏။ မြတ်စွာဘုရားကို ဆွမ်းလှူရန် တစ်ရက်မျှ အကျွန်ုပ်အား ပေးပါဟု တောင်းပန်၏။ သူဌေးကြီးတို့က 'ပြော်...ကုတ်ပေ၏' ဟု နှင့်ပြု၏။ သုမနပန်းသည်လည်း အသင့်ပေးသော ဆွမ်းအတွက် ပြင်ဆင်ရန် ပြန်၍သွား၏။

ညီမျှပြီ ဘုရားရှင်၏ သင်္ကန်းဝတော်သည် ကောင်းသမ္မိ မြည်တွင် စလင်ပွင့်လင်းလာသတည်း။

## ကျွန်မ ခုဇ္ဇုတ္တရာ

ဥဒေနမင်းကြီးသည် မိဖုရားသုံးပါးအနက် သာမာဝတီကို မြတ်နိုးဆုံးဖြစ်၏။ သာမာဝတီအား နေ့စဉ်နေ့လျှင်ပန်းဖိုး ရှစ်အသပြာပေး၍ ခါးကုန်းသော ကျွန်မ ခုဇ္ဇုတ္တရာအား တစ်နေ့ပေး၍ ပန်းဆက်စေသည်။

ကျွန်မ ခုဇ္ဇုတ္တရာသည် သုမနပန်းသည်ထံ သွား၍ ပေးရသည်။ သို့သော်-တစ်နေ့လျှင်ပန်းဖိုးအသပြာဖိုးသာ ဝယ်ပြီး နေ့စဉ် လေးအသပြာ ခိုးယူလာသည်။

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



ထိုနေ့ညသည် သုမနပန်းသည်အိမ်၌ ဘုရားရှင်အား၊ ဆွမ်း ကျွေးရန် ပင့်ထား၍ ချက်ပြုတ်လုပ်ကိုင်နေကြ၏၊

ထိုနေ့ ပန်းယူရန်လာသော ခုဇ္ဇုတ္တရာအား “ သုမနပန်း သည်က....

'ဝါသည် မြတ်စွာဘုရားကိုပင့်ထား၏၊ ယနေ့ ပန်းတို့ကို မြတ်စွာဘုရားအား လှူဦးမည်၊ စောင့်နေပါဦး၊ ဆွမ်းကျွေး ရာမှာ ကူပြီး တရားနာပြီးမှ ပန်းကိုယူပါတော့'ဟု ပြော၏၊

ဤသို့ဖြင့် ခုဇ္ဇုတ္တရာသည် ဝေယျာဝစ္စကုသိုလ်ကို ယူပြီး ဘုရားရှင်၏ တရားတော်ကို နာကြားစဉ်ပင် ရှေးရှေးဘဝ များစွာက ဆုပန်ခဲ့သည့်အတိုင်း တရားတော်တွင် ကြည်ညို သဒ္ဓါပေါက်ပြီး တစ်ထိုင်တည်းနှင့်ပင် သောတာပတ္တိဖိုလ်၌ တည်လေ၏၊

ထို့ကြောင့်လည်း ခါတိုင်း လေးအသပြာဖိုးသာ ဝယ်၍ လေးအသပြာကို မိမိအတွက် ယူခဲ့ရာမှ ထိုနေ့တွင် ပန်းရှစ် အသပြာဖိုးစလုံး ဝယ်ယူသွားလေ၏၊

သာမာဝတီမိဖုရားတို့ တရားတော်ကို
နာကြားကြခြင်း

'အလို....ဒီနေ့ ပန်းတွေ တယ်များပါလား၊ မင်းကြီးက ပန်းဖိုး နှစ်ဆတိုးပြီး ပေးပြီထင်တယ်'

'မဟုတ်ရပါ သခင်မ၊ ပေးနေကျ ရှစ်အသပြာပါပဲ၊ ယခင် အခါများက လေးအသပြာဖိုးသာ ဝယ်ယူဆက်သပြီး လေး အသပြာကို ကျွန်တော်မျိုးမ ယူခဲ့ပါသည်'

'ယနေ့တော့ ဘာကြောင့် မယူပါသလဲ'

'ယနေ့ ပန်းဝယ်သွားရာမှ သုမန ပန်းသည် အိမ်တွင်

WWW.DHAMMARANSI.COM



ဂေါတမမြတ်စွာဘုရားရှင်အားဆွမ်းကျွေးခိုက်နှင့်ကြုံကြိုက်ပြီး ဂေါတမမြတ်စွာဘုရား၏ တရားတော်ကို နာကြားရသဖြင့် အကျိုးထူးကို ရထာသောကြောင့် မယူပါ'

အာဒမာဒတီသည် နတ္ထုတ္တကူအား ရှေးယခင်အခိုးလှူခဲ့သမျှကို တစ်စုံတစ်ရာအပြစ်မတောင်ဘဲ ပါရမီဓာတ်ခံနှုံးဆော်ဖန်သာဖြင့် 'ဂေါတမဘုရား'ဟူသော အသံကို ကြားရသည်းက နှင်းတွေ့ဆော့ပန်းကဲ့သို့နှလုံးသားတွင်ဒအာမြကြည် လင်ဘာခင်ချမ်းမြေ့ သည်မျှမက တရားတော်ကိုနာကြားလိုစိတ်ပြင်းပြသည်နှ



၇/၉၆

WWW.DHAMMARANSI.COM



'မိခင် နန္ဒုတ္တရာ၊ မိခင်ကြီးနှင့်ခွဲရသော တရားအမြိုက် အရသာကို ကမ္ဘာတို့အား တိုက်ကျွေးပါလော့'ဟု ဆို၏။ နန္ဒုတ္တရာမှာလည်း 'ကောင်းပါပြီ၊ ရေမိုးချိုး၊ အဝတ်အစား လဲပြီး ယောပါအုံ'ဆို၏။ သာမဏေဝတ် ညီနောင်မတော်တို့အား နန္ဒုတ္တရာကို ရေမိုးချိုး အမွှေးနံ့သာ လိမ်းပြီး၊ အဝတ်သစ် များကို ထုတ်ပေး၍ တစ်ယည်ကို လက်ကနဲ့တော့ထိုးသော မြတ်သောဓမ္မရသနှင့်ပြီး တရားပဲ့ဘို့ကိုနာကြားကြကုန်၏။

မိခင်အရာ၌ ထားရှိခြင်း

နန္ဒုတ္တရာသည်(ပဋိသမ္ဘိဒါဉာဏ်ကိုရသည့် သောတာအရိယာ၊ သောတာပန်အရိယာဖြစ်ရကား) သောတာပတ္တိအမှိ ဖါ ဉာဏ်၌ အည့်ရှိ သာမဏေတို့နှင့် မောင်းမ ငါးရာတို့တို့ကို တရားဟော လေ၏။ တရားဒေသနာ ဆုံးသောအခါ သာမဏေတို့နှင့် မောင်းမ ငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေ ကုန်၏။

ထိုအချိန်မှစ၍ နန္ဒုတ္တရာအား—

'မိခင်၊ ယနေ့မှစ၍ ဝေယျာဝစ္စအလုပ်ကို မလုပ်ပါနှင့် တော့၊ မိခင်အရာ၌တည်၍ မြတ်စွာဘုရား၏ တရားဒေသနာ များကို နာကြားပြီး နှလုံးသွင်း၍ အစ်သင့်ပြန်၍ ပြောဟောကြား ပါ'ဟု ပြောဆိုကြလေ၏။

နန္ဒုတ္တရာသည် ထိုအတိုင်းပင်ပြုလေသော် နောက်အဖို့၌ ပိဋကတ်သုံးပုံကို ဆောင်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် 'ရဟန်းတို့...ငါဘုရား၏ အကြားအမြင်များ၌ ဓမ္မကထိက ဖြစ်ကုန်သော ဥပါသိကာမတို့တွင် နန္ဒုတ္တရာသည် အမြတ်ဆုံးတည်း'ဟု ဧတဒဂ် ထားတော်မူလေ၏။

WWW.DHAMMARANSI.COM



ဆေးမဒဂတီတို့သည် ဘုရားရှင်ကို အလှူ ဖူးမြင်လိုကြ၍ မဇ္ဈိမဒေသအဆုံး တိုက်ခန်းနှံ့ရဲ့ရွာတွင် ဖူးမြင်နိုင်အောင် ပြတင်းပေါက်၍ ပန်းနံ့သာစသည်တို့ကို ကိုင်ဆောင်ထားကြသော မြတ်စွာဘုရားနှင့် သံဃာတော်များ သူဌေးကြီးတို့အိမ်သို့ ကြွတော်မူသော် ထိုပြတင်းပေါက်တို့မှ ဖူးမြင်ကြကုန်၏၊ လက်အုပ်ချီမိုးရှိခိုးကြကုန်၏၊ ပူဇော်သည်၊ ပူဇော်ကြကုန်၏၊ ပြန်ကြွတော်မူရာ၌လည်း ဤနည်းပင် ပူဇော်ကြ၏၊

ရွှေ့ထွက်ရှာ ရဟန္တာအရှင်မြတ်များအား ဤသည်ကား အရှင်သာရိပုတ္တရာ၊ ဤသည်ကား အရှင်မောဂ္ဂလာန်၊ ဤသည်ကား အရှင်အာနန္ဒာစသည်ဖြင့် ညွှန်ပြပြောဆို၏၊

ဓမ္မကထာပန္နာအရိယာများဖြစ်ကြသည့်အလျောက် ဝါးရှုစလုံးပင် ဓမ္မဋ္ဌာန်းတရားများကို မမေ့မလျော့ အားထုတ်ကြကုန်၏၊

## ဆဲရေးကဲ့ရဲ့ခြင်းကို မတုန်လှုပ်နှင့်

မြတ်စွာဘုရားသခင် ကောသမ္ဗီပြည်သို့ ကြွရောက်သီတင်းသုံးသည်ကိုကြားလျှင် မာဂဏ္ဍီသည် မိမိအား ခြေရင်းနှင့်ပင် မတို့လိုဟု ချိုးချိုးဖဲ့ဖဲ့ ပြောခဲ့သော ဘုရားရှင်အား အနှောင့်အယှက်ပေးရန် ကြံစည်တော့၏၊

ဘာတော်ဖြစ်သော မာဂဏ္ဍီဗြာဟ္မဏ အားပေါ်၍ ငွေကြေးများပေးပြီး ခိုင်းစေ၏၊ ဘာတော်မာဂဏ္ဍီသည် ကောသမ္ဗီမြို့တွင်းရှိ လူမိုက်လူရမ်းအားများကို စုရုံး၍ ငွေကြေးပေး၊ အရက်တိုက်ပြီး မြတ်စွာဘုရားမြို့တွင်းသို့ ကြွလာချိန်၌ အကောင်

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



ဆောက်စုံရုံး လိုက်လာကြပြီး ဆဲရေးတိုင်းထွာကြ၏၊ ကဲ့ရဲ့ ရှုတ်ချကောင်း အော်ဟစ်ပြောကြားကြ၏။

မြတ်စွာဘုရားအလောင်းသည် မတုန်မလှုပ် ကြံ့မြဲပင်ကြ၏၊ မခံ နေနိုင်သော အရှင်အာနန္ဒာသည်....

'အရှင်မြတ်ဘုရား၊ ဤအရပ်လူများသည် ရိုင်းဆိုင်းယုတ်မာ ပါသည်၊ ဤအရပ်ကို ရှောင်ခွာ၍ အခြားအရပ်သို့ သွားကြ ပါကုန်အံ့'

'အာနန္ဒာ၊ အခြားအရပ်မှ ဤသို့ ဆဲရေးနှင်ထုတ်ခဲ့သော် အဘယ်အရပ်သို့ သွားမည်နည်း'

'ထိုအရပ်မှ အခြားတစ်ပါးသို့ သွားကြပါမည်'

'အာနန္ဒာ၊ ဤသို့ မပြုသင့်ပေ၊ အဓိကရုဏ်းကို ဖြစ်ရာ အရပ်၌ အေးငြိမ်းစေပြီးမှ အရပ်တစ်ပါးသို့ သွားသင့်၏၊ အာနန္ဒာ၊ ငါဘုရားသည် စစ်မြေပြင်သို့ သက်ဆင်းသော ဆင်ပြောင်ကြီးနှင့် တူ၏၊ စစ်မြေပြင်သို့ သက်ဆင်းသော ဆင်ပြောင်ကြီးအား အရပ်လေးမျက်နှာတို့မှ လာကုန်သော မြားတို့ကို သည်းခံရန် တာဝန်ရှိ၏၊ ထို့အတူ ဒုသီလပုဂ္ဂိုလ် များ၏ ပြောဆိုအပ်သော စကားတို့ကို သည်းခံခြင်းသည် ငါဘုရား၏ တာဝန်ပေတည်း' ဟု မိန့်တော်မူကာ 'အဟံ နာဂေါဝ သင်္ဂါမေ' စသော နာဂဝဂ်လာ ဂါထာသုံးဆောင်ကို ဟောတော်မူလေ၏။

၆(အဋ္ဌမအကြိမ်)

WWW.DHAMMARANSI.COM





ဤဘုရားလောင်ကို ဟောဆော်မှု၍—

"အာနန္ဒာ.... မစိုးရိမ်လင့်၊ ထိုသူတို့သည် ခုနစ်ရက်မျှသာ ဆဲရေးနိုင်ကြသည်၊ ခုနစ်ရက်မြောက်လျှင် အလိုလိုရပ်သွားကြ လိမ့်မည်" ဟု မိန့်တော်မူ၏။

ခုနစ်ရက်ကြာလျှင် လိုက်လံဆဲရေးသူတို့သည် အလိုလိုပင် ရပ်စဲသွားကြ၏။

မာဂဏ္ဍီ၏ အကြံအစည်ကား မအောင်မြင်ရှာပေ။

WWW.DHAMMARANSI.COM



## ဥဒေနမင်းကို ကုန်းချောခြင်း

သာမာဝတီနှင့် အခြွေအရံ ငါးရာတို့သည် မြတ်စွာဘုရားအား ကြည်ညိုကြသည်ကိုသိ၍ မိမိ၏ပြာသာဒ်ကြမ်းမှလှမ်း၍ ကြည့်သည့်အခါ သာမာဝတီတို့၏ ပြာသာဒ် အိပ်ခန်းတွင် အပေါက်များကို မြင်ရသည်။

ဤ အိပ်ခန်းပေါက်များမှ မြတ်စွာဘုရားကို ဖူးမြော်ကြသည်၊ ပူဇော်ကြသည်ကိုသိလျှင် ယမ်းပုံမီးကျ ဒေါသပွားလေသည်။

ဥဒေနမင်းအား 'သာမာဝတီတို့သည် ယောကျ်ား တစ်ပါးနှင့် အချိန်းအချက်ထား ဖောက်ပြန်လို၍ အိပ်ခန်းများကို ဖောက်ထားကြပါသည်' ဟု လျှောက်၏၊ ဥဒေနမင်းက ယုံကြည်၍ ဆိတ်ဆိတ်နေ၏၊ ဒုတိယ ကြိမ် ထပ်မံ ပြောပြန်၏၊ ယုံကြည်၍ မတုန်လှုပ် နေပြန်၏၊ တတိယအကြိမ် ပြောပြန်သော် မင်းကြီးသည် သာမာဝတီ၏ ပြာသာဒ်သို့ သွား၏၊ အိပ်ခန်းတို့၌ အပေါက်တို့ကိုမြင်လျှင် 'ဘာကြောင့် ဖောက်သနည်း' ဟု မေး၏၊ သာမာဝတီက ရိုးသားစွာပင် ပြော၏၊

ဥဒေနမင်းသည် ရိုးသားစွာ ဖြေကြားခြင်းကိုယုံကြည်၏၊ ထို မောင်းမအား အမျက် မထွက်သဖြင့် တစ်စုံတစ်ရာမျှ ပြစ်တင်ပြောဆိုခြင်းမရှိဘဲ အပေါက်များကိုသာ ပိတ်စေပြီး အထက်မြင့်ရာ၌ လေသာပေါက်တို့ကို ပြုကုန်၏၊

မာဂဏ္ဍီ၏ အကြံအား မအောင်မြင်ရှာပေ။

## သာမာဝတီကို ဆက်လက် ကုန်းချောခြင်း

မာဂဏ္ဍီသည် ဘထွေးတော် စူဠမာဂဏ္ဍီအား ကြက်သေရှစ်ကောင်၊ ကြက်ရှင်ရှစ်ကောင်ယူ၍လာစေ၏။ မာဂဏ္ဍီသည်

WWW.DHAMMARANSI.COM



ကြက်အရှင် ရှစ်ကောင်ကို ဥဒေနမင်းအား ပုရောဟိတ်ပုဏ္ဏား ကြီးက ဆက်သွင်းပို့အပ်ပါသည်၊ အပ်ပါ၏ဟုလျှောက်၏။ မင်းကြီးသည်၊ ငါတို့အတွက်ကစားစရာကောင်းလှ ဖြစ်ပေ ၏။ ဘယ်သူချက်မည်နည်းဟုမိန့်ဆော်၊ မာဂဏ္ဍီက 'အရှင်မင်း ကြီး သာမာဝတီကြီးမှူးသောနန်းတွင်းသူငါးရာတို့ထံပို့စေလျှင် သင့်မည်' ဟုတိုက်တွန်း၏၊ ဥဒေနမင်းသည်ကြက်ရှင်ရှစ်ကောင် ကိုပို့စေ၏။ သာမာဝတီတို့က 'ငါတို့သည် သူတစ်ပါးအသက် ကို မသတ်ကြပါ' ဟု ကြက်အရှင်များကို ပြန်ပို့စေ၏။

မာဂဏ္ဍီက 'အသင်မင်းမြတ် သိပြီလောဟုတ်ပါလား၊ ယခု ထိုမိန်းမတို့ သူ့အသက်သတ်မှု ပြုမပြုကို သိရပါစေမည် အရှင်မင်းကြီး၊ ရဟန်းဂေါတမအား ချက်၍ ပို့စေ ဟု ဆိုတော်မူပါ' ဟု လျှောက်၏။

မင်းကြီးသည်၊ ထိုသို့ဆို၍ ပို့စေပြန်၏၊ အယုတ်အကျူး ပေးလည်း ကြက်ရှင်တို့ကို ယူ၍သွားကာ ကြက်ရှင်တို့အား ပုရောဟိတ်ပုဏ္ဏားအားပေး၍ ကြက်သေတို့ကို သာမာဝတီ၏ နန်းတွင်းသူတို့ထံ ယူသွားပြီးလျှင် 'ဤကြက်တို့ကို ချက် ပြုတ်၍ မြတ်စွာဘုရားထံ ပို့ပါကုန်တဲ့' ဟု ဆိုလေ၏။ သာမာ ဝတီ၏ နန်းတွင်းသူတို့သည် 'ဤအစာဝန်မျိုးမည်သည် ကျွန်ုပ်တို့ ၏ဝန်ပါ' ဟု ကြွဆို၍ ယူကြ၏။

မင်းကြီးထံရောက်၍ မေးလေသော်၊ 'ရဟန်းဂေါတမကို ချက်၍ပို့စေဟု ဆိုသည်နှင့်ပင် ရှီးဦးကြွဆို၍ ယူသွားကြပါ သည်' ဟု လျှောက်၏။

မာဂဏ္ဍီက 'မင်းကြီး၊ ကိုယ်တော်သိပြီ မဟုတ်ပါလော၊ အရှင်မင်းမြတ်အတွက် မပြုလုပ်ကုန်၊ အပြင်အပ ယောကျ်ား

WWW.DHAMMARANSI.COM



အစ်ပါးကို လိုလားမှုရှိပါသည်ဟု ပြောသည်ကို အရှင်မင်းကြီး မယုံတတ်လေစား' ဟု ဆိုလေလျှင် မင်းကြီးသည် ယုံကြည်မှု၍ ဆိတ်ဆိတ်သာ နေလေ၏။

မာဂဏ္ဍီသည် ဘယ်သို့ပြုပါအံ့ဟု အကြံထုတ်ပြန်၏။

### မာဂဏ္ဍီ၏ အကောက်ကြံချက်

မာဂဏ္ဍီသည် မကျေချမ်း ဖြစ်နေ၏၊

ဥဒေနမင်းသည် မိဖုရား သုံးယောက်ရှိ၍ တစ်ယောက် တစ်ယောက်သော မိဖုရား၏ အဆောင်၌ ခုနစ်ရက်စီ လှည့်လည် စံမြန်း၏။

မင်းကြီးသည် နက်ဖြန်သန်ဘက် သာမာဝတီအဆောင်သို့ သွားမည်ကိုသိ၍ မာဂဏ္ဍီသည် မိမိ၏ ဘထွေးအား မြွေဟောက်ငယ်တစ်ကောင်ကို အဆိပ်ဖောင်းအောင်ပြု၍ ပါလာစေ၏။ ဘထွေးပုဏ္ဏားသည် ဆိုတိုင်းပို့ လိုက်၏။

ဥဒေနမင်းသည် မိမိသွားသည့်သို့ ဟတ္ထိကန္တစောင်းကို ယူသွားလေ့ရှိ၏၊ မာဂဏ္ဍီသည် စောင်းအိုး၏အပေါက်မှ မြွေကို သွင်း၍ အပေါက်ကို ပန်းကုံးဖြင့် ပိတ်၏။ မြွေသည် နှစ်ရက် သုံးရက် စောင်းအတွင်း၌ နေရ၏။

ဥဒေနမင်း ခုနစ်ရက်စေ့၍ သာမာဝတီအဆောင်သို့ ကြွမည်ဟုဆိုသော် မာဂဏ္ဍီက 'အကျွန်ုပ် အိပ်မက်မျှ မကောင်း၍ သာမာဝတီအဆောင်သို့ မသွားပါနှင့်' ဟု တား၏၊ မရ၍ သုံးကြိမ်တိုင် တား၍မရလျှင် 'အကျွန်ုပ်ပါ လိုက်မည်' ဟု လိုက်ရန် တားမြစ်သော်လည်း 'အကြောင်းကို မသိနိုင်' ဟု ထူးမရဘဲ မင်းကြီးနှင့်အတူလိုက်၏၊ မင်းကြီးသည် သာမာဝတီဆောင်သို့ ရှေ့မှ ကြွ၏။

WWW.DHAMMARANSI.COM



မင်းကြီးကို သမာဝတီက ဆီးကြို၍ သလွန်ပေါ်သို့ ပို့ဆောင်၏၊

စောင်းကို သလွန်ခေါင်းရင်း၌ထားကာ လျောင်းစက်၏၊

မာဂဏ္ဍီသည် စောင်းပေါက်ဝတွင် ပိတ်ဆို့ထားသည့် ပန်းကုံးကို ဖယ်၏၊

မြွေဟောက်ငယ်သည်အပေါက်ဝမှထွက်၍ တရှူးရှူးဖြင့် ပါးပျဉ်းထောင်ကာ (ပုံ-၃၉) မင်းကြီး၏ သလွန်သို့ ကူးသွား၏၊ မာဂဏ္ဍီသည် ငယ်သံပါအောင် အော်ဟစ်ပြီး မင်းကြီးကို



WWW.DHAMMARANSI.COM



အဆောင်းဆွဲဖယ်၏၊ မင်းကြီးသည် မြွေဟောက်ကို မြင်လျှင် ထိတ်လန့် တုန်လှုပ်သွား၏၊ မာဂဏ္ဍီအသည် သာမာဝတီနှင့် မောင်းမတို့အား အမျိုးမျိုး စွပ်စွဲပြောဆို ငိုယိုကြိမ်းမောင်း၏၊

ဤအစ်ကြိမ်သည် မာဂဏ္ဍီ၏အကြံ အောင်သွား၏၊

မေတ္တာဓာတ်၏ တန်ခိုးတော်

မင်းကြီးမှာ ဤအစ်ကြိမ် ဒေါသမီး ဟုန်းဟုန်းတောက်သောအသည်၊ ချက်ချင်းပင် သာမာဝတီနှင့် မောင်းမငါးရာတို့အား ကြိုးတုပ် ဖမ်းဆီးစေ၏၊

နန်းရင်ပြင်သို့ထုတ်ကာ ငါကိုယ်တိုင် လေးနှင့်ခွင်းမည်ဟု အမိန့်ချမှတ်လိုက်၏၊

သာမာဝတီက အဖော်မိန်းမတို့အား....

'မင်းကြီးသည် ငါတို့အား သတ်တော့မည်ဖြစ်၏၊ ငါတို့မှာ တစ်ပါးသော ကိုးကွယ်ရာ မရှိတော့ပြီ၊ မာဂဏ္ဍီအပေါ်တွင်လည်းကောင်း၊ မင်းကြီးအပေါ်တွင်လည်းကောင်း စိုးစဉ်းမျှ အမျက်မထွက်ကြကုန်လင့်၊ မိမိကံ၏စီမံရာသာ ဖြစ်ကြရမည်၊ မင်းကြီးအပေါ်၌ လည်းကောင်း၊ မာဂဏ္ဍီအပေါ်၌လည်းကောင်း၊ မိမိကိုယ်၌ လည်းကောင်း အညီအမျှပင် မေတ္တာစိတ်ကို ပွားများကြလော့၊ တစ်စုံတစ်ဦးအားမျှ ဒေါသကို မဖြစ်ပါစေလင့်' ဟု တရားချပေ၏၊

မင်းကြီးသည် နန်းရင်ပြင်၌ သာမာဝတီ၏ရှေ့ဆုံးမှ နေစေပြီး အဖော်ငါးရာတို့ကို အစဉ်လိုက်တန်းစေပြီး ဗိုလ်ခြေတစ်ထောင်အားရှိသော လေးကို ဆွဲကိုင်၍ လေးညို့ကို ဆန့်လျက် အဆိပ်လူးသောမြှားကို တပ်၏၊

WWW.DHAMMARANSI.COM



မြားတစ်ချောင်းတည်းနှင့်မိန်းမငါးရာလုံး ဖောက်လျှိုဆောင်နိုင်၏၊ သာမာဝတီသည် မင်းကြီးအား စူးစိုက်၍ မေတ္တာဓာတ်ကို ဖြန့်စေ၏။

မင်းကြီးသည် မြားကိုပစ်လွှတ်၏၊ မြားသည်သာမာဝတီ၏ မေတ္တာအာနုဘော်ကြောင့် ပြန်၍ အသည်ရှိရာ အိမ်းသို့ဦးလှည့်ကာ (ပုံ-၄၈)မင်းကြီး၏ အသည်းနှလုံးသို့ဝင်အံ့ကဲ့သို့ ဖြစ်လေ၏၊ မင်းကြီးသည် ငါပစ်သောမြားသည် ကျောက်တောင်ကိုခင်း



WWW.DHAMMARANSI.COM



ထွက်ချင်းဖြစ်၍ သွားလေ၏။ (သာမာဝတီနှင့်ငါ့အကြား) ဟင်းလင်းပြင်၌ အထားအသိ မရှိပါဘဲလျက် ဤမြားသည် ငါ့အသည်းနှလုံးသို့ ရွေးရှုခဲ့သည်၊ အသက်ကင်းမဲ့သော ဤမြားသည်ပင် သာမာဝတီ၏ဂုဏ်ကျေးဇူးကို သိလေ၏၊ ငါသည်ကား လူဖြစ်လျက် မသိချေသတကားဟု စဉ်းစား၍ နောင်တ ရလေတော့၏။

## ဥဒေနမင်း သာသနာတော်၌ တည်တော်မူခြင်း

ဥဒေနမင်းကြီးသည် လေးကိုစွန့်ပစ်လိုက်ပြီး လက်အုပ်ချီလျက် သာမာဝတီ၏ခြေရင်းကျင် ဒူးထောက်၍ ထိုင်ကာ....

'မောင်နှမ သာမာဝတီ ရှင်မိဖုရား၊ မိုက်မဲမှု အလွန်မိုက်မဲမိပါ၏၊ ရှင်မိဖုရား ခွင့်လွှတ်ပါလော့၊ ငါကိုးကွယ် ဆည်းကပ်ပါ၏' ဟုဆို၏။

သာမာဝတီက 'အကျွန်ုပ်ကို မကိုးကွယ်မဆည်းကပ်ပါနှင့်၊ အကျွန်ုပ်၏ မြတ်စွာဘုရားကိုသာ ကိုးကွယ် ဆည်းကပ်တော်မူပါ၊ ထိုမြတ်စွာဘုရားသည် သစ္စာလေးပါးကိုသိတော်မူပါ၏၊ အတုမရှိ မြင့်မြတ်တော်မူ၏၊ ထိုမြတ်စွာဘုရားကိုသာ ကိုးကွယ် ဆည်းကပ်တော်မူပါ၊ သင်မင်းကြီးသည် အကျွန်ုပ်၏ ကိုးကွယ်ရာ ဖြစ်ပါ၏' ဟု ဆိုလေ၏၊ မင်းကြီးသည် ထပ်မံ တောင်းပန်၏၊ သာမာဝတီသည် ရှေးနည်းဖြင့် ပယ်လှန်ပြီး ဆိုသော် 'ဤသို့ဖြစ်လျှင် သင့်ကိုလည်း ကိုးကွယ်ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားကိုလည်း ကိုးကွယ် ဆည်းကပ်ပါ၏၊ ဆုကိုလည်း ပေးပါ၏' ဟု ဆိုသော်....

'အရှင်မင်းကြီး ရှိပါစေတော့၊ ဆုကိုယူပါ၏' ဟုဆိုလေ၏။

WWW.DHAMMARANSI.COM



ဥဒေနမင်းကြီးသည် မြတ်စွာဘုရားကို သွားရောက် ပင့်ဆောင်အံ့ ဘုရားအမှူးရှိသော သံဃာတို့အား ခုနစ်ရက် ပတ်လုံး အလှူကြီးကိုပေး၏၊ သာမာဝတီအားလည်း ဆုကို ယူလော့ဟု ဆို၏။

'အရှင်မင်းကြီး၊ ရွှေ ငွေ စသောဆုကို အလိုမရှိပါ။ မြတ်စွာဘုရားသည် ရဟန်းသံဃာငါးရာနှင့် ကျွန်ုပ်နန်းတော်သို့ ကြွလာတော်မူ၍ တရားတော်ကို နာကြားရအောင်ပြုပေးပါ'ဟု လျှောက်ဆို၏။ ဥဒေနမင်းကြီးသည် မြတ်စွာဘုရားကို ရှိခိုး၍ ပင့်လျှောက်လေသော် မြတ်စွာဘုရားက 'ဒကာတော် မင်းကြီး၊ မြတ်စွာဘုရားတို့မည်သည် တစ်နေရာတည်း၌ မပြတ် ကြွရန် မအပ်ချေ၊ လူအပေါင်းတို့သည် မြတ်စွာဘုရားကြွလာရန် မျှော်လင့်ကြကုန်၏'ဟု မိန့်တော်မူ၏။

မင်းကြီးက ထိုသို့ဖြစ်လျှင် ရဟန်းတော်တစ်ပါးကို စေလွှတ်တော်မူပါဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားသည် အရှင်အာနန္ဒာမထေရ်ကို စေလွှတ်တော်မူ၏။

## သင်္ကန်းများကို အဘယ်သို့ အသုံးပြုသနည်း

အရှင်အာနန္ဒာသည် သာမာဝတီတို့ ပြာသာဒ်သို့ ရဟန်းငါးရာနှင့် ကြွ၏။

သာမာဝတီနှင့် အဖော်ငါးရာတို့က အရှင်အာနန္ဒာနှင့် ရဟန်းတော်တို့အား ဆွမ်း လုပ်ကျွေးကြကုန်၏။ တစ်နေ့၌ တရားတော်ကို ကြည်ညိုလှသဖြင့် မိမိတို့ဝတ်ဆင်သည့် အပေါ်ရုံ ငါးရာတို့ကို လှူဒါန်းကြကုန်၏။ အပေါ်ရုံ တစ်ထည်လျှင် အသပြာငါးရာ အဖိုးထိုက်၏။

WWW.DHAMMARANSI.COM



နန်းတွင်းသူတို့ အပေါ်ရုံအဝတ်များ ဝတ်ဆင်ကြသည်ကို မမြင်၍ မင်းကြီးအမေး၏၊ အရှင်အာနန္ဒာကို ငါးရာစလုံး လှူဒါန်းလိုက်ကြောင်း၊ ပြောကြား၏။

ဥဒေနမင်းသည် အစိပ္ပာယ် မရှင်းမသောင်းဖြစ်၏၊ အရှင်အာနန္ဒာကြွလာလျှင် ဥဒေနမင်းက မေးလျှောက်၏၊ အရှင်အာနန္ဒာက ဟုတ်မှန်ကြောင်း ဖြေကြားလျှင် မင်းကြီးက အအံ့တသြဖြင့်—

'အရှင်ဘုရားတို့သည် ဤမျှ များပြားသော အဝတ်တို့ကို အဘယ်သို့ ပြုပါသလဲ ဘုရား'

'ငါတို့အတွက် လုံလောက်ရုံမျှသာ ယူ၍ ကျန်အများကို သင်္ကန်းဟောင်းနွမ်းသော ရဟန်းတို့အား ပေး၏'

'ဒါယကာရှိသော ရဟန်းသည် မိမိ၏ ဟောင်းနွမ်းသော သင်္ကန်းကို အဘယ်သို့ အသုံးချပါသနည်း ဘုရား'

'ဟောင်းနွမ်းသော သင်္ကန်းတို့ကို သင်္ကန်း ဆွေးမြည့်နေသည့် ရဟန်းတို့အား လှူဒါန်းကြပါ၏၊

'ဆွေးမြည့်သော သင်္ကန်းကို မည်သို့ ပြုပါသနည်း'

'အိပ်ရာခင်း စသည်တို့ ပြုလုပ်ပါ၏'

'အိပ်ရာခင်းအဟောင်းတို့ကို မည်သို့ ပြုလုပ်ပါသနည်း'

'ဟောင်းလွန်းသော အိပ်ရာခင်းတို့ကို မြေအခင်းအဖြစ် အသုံးပြုကြ၏'

'မြေအခင်း အဟောင်းတို့ကို မည်သို့ပြုပါသနည်း'

'ခြေသုတ်အဖြစ် အသုံးပြုကြ၏'

'ခြေသုတ်အစုတ်ဟောင်းလျှင် မည်သို့ပြုပါသနည်း'

'နုပ်နုပ်စင်း၍ မြေနှင့်နယ်ကာ နံရံတို့ကို လိမ်းကျံကြ၏'

WWW.DHAMMARANSI.COM



ဥဒေနမင်းသည် များစွာ ကြည်နူးဝမ်းမြောက်လှသဖြင့် အဖိုးတန်သော အဝတ်ငါးရာတို့ကိုယူပြီး အရှင်အာနန္ဒာမထေရ်ထံ ချဉ်းကပ်၍ ပုံထားအား ထပ်မံလှူဒါန်းပြန်၏။

## သာမာဝတီနှင့် မောင်းမငါးရာ မီးလောင်တိုက် အသွင်းခံရခြင်း

မာဂဏ္ဍီသည် မိမိအကြံဆိုးရှုံးရပြီဖြစ်၍ အဆုံးတိုင်သော အကြံကို ကြံစည်ပြန်၏။

မင်းကြီး ဥယျာဉ်ခရီးထွက်ခိုက်တွင် ဘထွေးတော်ထံသို့ သာမာဝတီ၏ပြာသာဒ်သို့သွား၍ အထည်တိုက်နှင့်ဆီတိုက်တို့ကို ဖွင့်စေ၍ အထည်တို့ကို ဆီအိုးတို့၌စိမ်၍ တိုင်တို့ကိုရစ်ပတ်ပြီး နောက် သာမာဝတီနှင့် မိန်းမပျိုးတို့အား တစ်စုတည်းနေ စေ၍ အခန်းတံခါးကိုပိတ်ပြီး ပြာသာဒ်ကိုမီးရှို့ရန် မှာကြား၏။ ဘထွေးပုဏ္ဏားသည် မာဂဏ္ဍီမှာတိုင်း လုပ်ဆောင် သာမာဝတီတို့ကမေး၏။ ပုဏ္ဏားက မင်းကြီးက ခိုင်ခံ့ရန် တိုင်ကို ဆီဝတ်ဖြင့် ပတ်ရစ်၏။ အရှင်မတို့တိုက်ခန်းတွင်းတွင် နေတော်မူပါဟု တိုက်ခန်းတွင်းတွင် တံခါးပိတ်၍ မီးတိုက်လေ၏။

သာမာဝတီနှင့် မောင်းမငါးရာတို့သည် ပြာသာဒ်သို့ မီးလောင်၍ ထွက်ပေါက်မရှိသည်ကို မြင်သောအခါ သာမာဝတီက—


'ရှင်မတို့၊ ငါတို့သည် အစမထင်သောသံသရာ၌ အကြိမ်များစွာ မီးလောင်၍သေခဲ့ရသော ဘဝပေါင်းမှာ မရေတွက်နိုင်ကုန်ပြီ၊ မမေ့မလျော့ကြကုန်သတိ'ဟု အတိပေး၍ ပူလောင်သော ဝေဒနာကို ကမ္မဋ္ဌာန်းယာဉ်ဖြင့် စီးဖြန်းကြကုန်၏။

WWW.DHAMMARANSI.COM



(ပုံ-၄၁)။ အချို့ ဒုတိယဖိုလ် သကဒါဂါမ်၊ အချို့ တတိယဖိုလ် အနာဂါမ်သို့ ရောက်ကြ၏၊ ပြာသာဒ်သည် သာမာဝတီနှင့်အပေါင်းအပါတို့ကိုပါ အဆုံးစွန်မီးကျွမ်းခြင်းသို့ရောက်၏။

မင်းကြီးသည် သာမာဝတီနှင့်တကွ ပြာသာဒ်ကို မီးလောင်ကြောင်း၊ အကြောင်းကြားရလျှင် အလျင်အမြန် ပြန်လာသော်လည်း မအမှီနိုင်တော့ချေ။ မီးကျွမ်းပြီးချေပြီ။



၇/၄၁

WWW.DHAMMARANSI.COM



## တရားဒေသနာတော်

ထိုအခါ များစွာသောရဟန်းတို့သည် ဆွမ်းစားပြီး၊ ဆွမ်းခံ ရွာမှ ကြွလာကြ၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး အင့်ရှာ၍ ရှိခိုးထိုင်နေကြပြီး မြတ်စွာဘုရားအားသာမာဝတီနှင့်မောင်းမ ငါးရာတို့၏ လားရာ ဂတိကို မေးလျှောက်ကြရာ၊ မြတ်စွာ ဘုရားက....

'ရဟန်းတို့... ဥပါသိကာမတို့တွင် သောတာပန်လည်း ရှိကုန်၏၊ သကဒါဂါမိလည်း ရှိကုန်၏၊ အနာဂါမိလည်း ရှိကုန်၏၊ အားလုံးသည်ပင် အကျိုးမဲ့ ကွယ်လွန်သည် မဟုတ် ဟု မိန့်တော်မူပြီး....

'မောဟ ဖွဲ့နှောင်ခြင်းဖြင့် ညှိသောကသည် တင့်အယ် သယောင် ထင်ရ၏၊ ကိလေသာဖွဲ့နှောင် အမိုက်ကောင်သည် အခိုင်ခံရုံထား၍ မြဲမြံ သယောင်ထင်ရ၏၊ ဉာဏ်ဖြင့် ရှုသူ အား စိုးရိမ်မှု မရှိသောဘောတား' ဟု ဥဒါန်းကျူးစကားကျူး ရင့် တော်မူ၏။

'ရဟန်းတို့ သတ္တဝါတို့ မည်သည် ဝဋ်၌ ကျင်လည်ကုန် လျက် အမြဲမပြတ် မမေ့မလျော့ ဖြစ်၍ အမြဲသာကောင်းမှုကို ပြုခဲ့သည်မဟုတ်၊ မကောင်းမှုလည်းပြုခဲ့ကြသေး၏၊ ထို့ကြောင့် ဝဋ်၌ကျင်လည်ရာတွင် ချမ်းသာကိုလည်း ခံစား၏၊ ဆင်းရဲကို လည်း ခံစား၏ဟု' ဒေသနာတော်ကို ဟောတော်မူ၏။

(မှန်၏၊ သံသရာ အဆက်ဆက် ကျင်လည်ခဲ့ကြရာတွင် အမြဲမပြတ်မမေ့မလျော့ ကောင်းမှုကိုသာ ပြု ခဲ့ကြသည်မဟုတ်၊ မကောင်းမှုကိုလည်း ပြုမိ ကြသေး၏၊ ထို့ကြောင့် သံသရာ အစ်လျှောက်

WWW.DHAMMARANSI.COM



ဖြစ်သောဘဝတွင် ချမ်းသာကို ခံစားရသလို၊ ဆင်းရဲကိုလည်း ခံစားရသေး၏၊ ဤကား ဒေသနာတော်၏ မှတ်ချက်)။

### မာဂဏ္ဍီတို့အား ဆုကြီးလာဘ်ကြီးများ ပေးရန်ခေါ်ခြင်း

ဥဒေနမင်းသည် သာမာဝတီတို့၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်ပြီး၊ များစွာ နှလုံးမသာမယာဖြစ်လျက် ထိုသည်မှာ မာဂဏ္ဍီ ဖြစ်မည်ဟု စဉ်းစားမိ၏၊ ခြောက်လှန့်မေးမြန်း၍လျှင် မှန်သည်ကိုသိ၏။

နောက်တစ်နေ့တွင်မင်းကြီးသည် အမတ်တို့အား သာမာဝတီ တို့သည် ငါ့အသက်ကို အကြိမ်ကြိမ် ကြံစည်ကြ၏၊ ငါ့တွင် အထိတ်တလန့်နှင့် နေရသည်၊ ယခု အိပ်ချမ်းခြင်း အိပ်ရပေတော့မည်၊ မီးရှို့သူများကိုပင် ကျေးဇူးတင်ရပေ မည်ဟု ဆို၏။

မာဂဏ္ဍီသည် ထိုစကားကိုကြားလျှင် 'ဝမ်းမြောက်ဝမ်း သာပင် ကြားသည်မှာ ဘုရားကျွန်မ အကြံအစည်ဖြစ်ပါသည်၊ ဦးထွေးတော်ကို အမိန့်ပေး၍ 'ခိုင်းခဲ့ပါသည်'ဟု ပြော၏။

မင်းကြီးက အားရဝမ်းသာဟန်နှင့် 'မာဂဏ္ဍီ မိဖုရားမှ လွဲ၍ ငါ့အပေါ်တွင် ချစ်သူခင်သူ မရှိ၊ ဆုယူပေးမည်'ဟု ဆို၏၊ မာဂဏ္ဍီလည်း 'ဆွေမျိုးတွေအားလုံးလာကြကုန်' ဟုခေါ်၏၊ မင်းကြီးသည်လည်း လာတိုင်းသော ဆွေမျိုးတို့အား ဆုလာဘ် များစွာ ချီးမြှင့်၏။

ဆုကြီးလာဘ်ကြီးများ ချီးမြှင့်ကြသည်ကြား၍သော်ဆွေနီး မျိုးစပ်များပင် အစချောက်လာရင်းပေးကြကုန်၏။

WWW.DHAMMARANSI.COM



ဓနုဥယျာဉ်ဆုံးတွင် ဆုရှာသူ အစ်ခေဒွလုံး သစ်မျိုးလုံးကို ဖမ်းဆီးပြီး နန်းရင်ပြင်၌ မြေတွင်းကိုတူးစေပြီး ချက်အထိ မြုပ်ထား၍ အမှိုက်ကောက်ရိုးတို့ကို ပုံပြီး မီးရှို့စေ၏။ ထို့နောက် အနေတို့ကို မီးလောင်စေပြီးနောက် သံထွန်သွားဖြင့် ကိုယ်ကို အပိုင်းပိုင်း ဖြစ်စေကုန်၏။

အလျှာဘုရင် မာဂဏ္ဍီကိုအား ဆူဖြိုးရာအသားတို့ကို ခါး ပါးပါးနှင့် နည်းနည်းစီ လှီးဖြတ်၍ ကြော်စေပြီး ထို ကြော်ပြီးသော အသားစကိုပင် မာဂဏ္ဍီအား စားစေ၏။

သာမာဝတီ၏ ဝတ္ထုကြောင်း

တရားသဘင်၌ ရဟန်းတို့သည် 'ငါ့ရှင်တို့၊ ဤသို့ သဒ္ဓါ နှင့်ပြည့်စုံသော သာမာဝတီမိဖုရားကြီးနှင့် မောင်းမငါးရာတို့ ပြာအသခ် မီးလောင်၍ သေဆုံးရခြင်းမှာ မအောင့်တရား' ဟု စကားဖြစ်နေရာ မြတ်စွာဘုရားကြွလာလျှင် 'ရဟန်းတို့၊ ယခု အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း'ဟု မေးတော်မူ၏။

ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားလေလျှင်— မြတ်စွာဘုရားသခင်သည် ဤသို့ မိန့်တော်မူ၏။

'ရဟန်းတို့၊ ဤဘဝ ဤကိုယ်ဖြင့် သာမာဝတီ အမှူး ရှိသော မိန်းမတို့ သေရခြင်းသည် မသင့်လျော်ပေ၊ သို့သော် ရှေးကပြုခဲ့သော ကံအားဖြင့်မူကား သင့်လျော်သော သေ ခြင်းကို ထိုမိန်းမတို့ ရခြင်းသာဖြစ်၏'ဟု မိန့်တော်မူသဖြင့် ရဟန်းတို့က 'ထိုမိန်းမတို့၏ ရှေးကံကို ဟောကြားတော်မူပါ' ဟု လျှောက်ထားကြလေသဖြင့် ဟောကြားတော် မူသည်။

WWW.DHAMMARANSI.COM



ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း, မင်းပြုစဉ် အရှင်ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့သည် နန်းတော်တွင်း၌ ဆွမ်းဘုဉ်းပေးကြ၏။ နန်းတွင်းသူ ငါးရာ ဆွမ်းလုပ်ကျွေးကြ၏။ အရှင်ပစ္စေကဗုဒ္ဓါ ရှစ်ပါးအနက် ခုနစ်ပါးမှာ ဟိမဝန္တာသို့ ပြန်လည်ကြွသွားကြ၏၊ တစ်ပါးမှာ မြစ်ကမ်း၌ မြက်ချုံကြီးတစ်ခုအတွင်း၌ နိရောဓသမာပတ် ဝင်စား၍ ကျန်ရစ်ခဲ့၏။

နောက်တစ်နေ့တွင် မင်းကြီးသည် မြစ်ဆိပ်သို့ ရေကစားရန် အခြံအရံများနှင့် ထွက်တော်မူ၏။ နန်းတွင်းသူတို့သည် တစ်နေ့လုံး ရေကစား၍ ချမ်းလှသဖြင့် မီးလှုံရန်တိုင်ပင်ကြပြီး မြက်ချုံကြီးကိုတွေ့သဖြင့် နေရာကျလေပြီဟု မြက်ချုံကို မြက်ပုံကြီးအသွင်ထင်၍ မီးရှို့ပြီး မီးလှုံကြ၏၊ မြက်တို့မီးလောင်၍ ကုန်ခါနီးမှ အရှင်ပစ္စေကဗုဒ္ဓါကို မြင်သဖြင့် 'ငါတို့ ဒုက္ခရောက်ကြပြီ၊ အရှင်မင်းကြီး၏ ပစ္စေကဗုဒ္ဓါ မီးလောင်ကျွမ်းလေပြီ၊ မင်းကြီးသိလျှင် ငါတို့ဒုက္ခရောက်ရမည်၊ အရှင်ပစ္စေကဗုဒ္ဓါ အလောင်းကို ဆက်စတုံးအောင် လုပ်ကြစို့' ဟုတိုင်ပင်၍ ထိုမိန်းမငါးရာတို့သည် ထင်းတို့ကို ရှာဖွေသယ်ယူကြပြီး ပစ္စေကဗုဒ္ဓါ၏ ကိုယ်တော်ပေါ်၌ ထင်းတို့ကိုစုပုံပြီး ထင်းပုံကြီးဖြစ်လာသောအခါ မီးရှို့၍ ယခုမှ ဆက်စတုံး ပြာကျသွားပေပြီဟုဆိုလျက် ထွက်ခွာသွားကြ၏။

အရှင်ပစ္စေကဗုဒ္ဓါသည် ခုနစ်ရက်မြောက်တွင် သမာပတ်မှ ထ၍ ချမ်းသာစွာသို့ ကြွတော်မူ၏။

ထိုမိန်းမငါးရာတို့သည် ပယာဇတွင် ခေအနန္တမပါ၍ တုံ ဓတိုက်ဆောက်သည်း နေ့စက်အစ်ချိန်တွင် ဓဿနန္တရအရွ ၄(အငှမအကြိမ်)

WWW.DHAMMARANSI.COM



ဖြစ်၍ ဤကံထိုက်ချေ၏။ ထိုစေခင်းမငါးရှာသည် ထိုအကုသိုလ်ကံကို ပြုခဲ့မိ၍ဖြင့် နှစ် သိန်းပေါင်းများစွာ ငရဲသို့ကျခဲ့ရ၍ ထိုကံ၏ အကျိုးကြွင်းဖြင့် ဘဝပေါင်း တစ်ရာတိုင်တိုင် ဤနည်းဖြင့်သာလျှင် မီးလောင်ရှာ၍ မီးလောင်ခံ သေဆုံးခဲ့ရရှာသည်။

အရှင် ပစ္စေကဗုဒ္ဓါကိုအား အမှားစယ်အတွင်း၌ လှည်းပေါင်း တစ်ထောင်ဖြင့် တင်းတိုက် ဆောင့်လျှပြီး မီးတိုက်သော်လည်း မီးငွေ့ သာ၍ရုံပင် မပြုနိုင်ခဲ့ဟူ၍ ဟောတော်မူ၏။

ခုဇ္ဇုတ္တရာ၏ အတိတ်ဝတ္ထုကြောင်း

ဤသို့ ဟောတော်မူပြီးသော်...ရဟန်းတို့က ခုဇ္ဇုတ္တရာ၏ အကြောင်းကို အဘယ်ကံကြောင့် ခါးကုန်းရပါသနည်း၊ အဘယ်ကံကြောင့် ဉာဏ်ပညာ ကြီးရပါသနည်း၊ အဘယ်ကံကြောင့် လူတစ်ပါး၏ အစေခံကျွန် ဖြစ်ရပါသနည်း ဟူ၍ မေးလျှောက်ကြ၏။ မြတ်စွာဘုရားသခင်က....

'ရဟန်းတို့၊ ဗြဟ္မဒတ်မင်းသည်ပင် ဗာရာဏသီပြည်၌ မင်းပြုစဉ်မှာ အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးသည် အနည်းငယ် ခါးကုန်း၏။ ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါအား အလုပ်အကျွေး ပြုနေသော နန်းတွင်းသူ တစ်ယောက်သည် ငါတို့ အရှင်ပစ္စေကဗုဒ္ဓါသည် ဤသို့ဤပုံ ကြွတော်မူ၏ဟု ပြက်ရယ်ပြုခြင်းလှောင်၍ ကုန်းကွကွ အမူအရာဖြင့် သွား၍ပြ၏။ ထိုအကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် ခါးကုန်းခြင်းဖြစ်၏။

ထိုအရှင်ပစ္စေကဗုဒ္ဓါရှစ်ပါးတို့ကို နန်းတော်တွင် သီတင်းသုံးစေ၍ သပိတ်တို့တွင် နို့ဃနာဖြင့် အပြည့်ထည့်၍ပေးလျှင် သပိတ်တို့ပူလှန်း၍ အရှင်မြတ်တို့သည်ဆက်ပြောင်း၍ပြောင်း၍

WWW.DHAMMARANSI.COM



ခံယူခြင်း ပြုတော်မူကြသည်ကိုမြင်လျှင် ခုဇ္ဇုတ္တရာ အလောင်း အမျိုးသမီးသည် မိမိ၏ ဆင်စွယ်လက်ကောက် ရှစ်ကွင်းကို ချွတ်၍ အရှင်မြတ်တို့ကို ဆက်ကပ်ပြီး 'လက်ကောက်တို့ကို အောက်ခံထား၍ ခံယူတော်မူကြပါ ဘုရား' ဟု လျှောက်ထား၏၊ ထို့နောက် အကျွန်ုပ်သည် ဤလက်ကောက်တို့ကို အလိုမရှိပါ၊ အရှင်ဘုရားတို့အား အလှူပါ၏ဘုရား၊ ဆောင်ယူ၍ ကြွတော်မူကြပါဟု လျှောက်ထားလေ၏၊ အရှင်မြတ်တို့သည် ယူဆောင်၍ နန္ဒမူလိုဏ်သို့ ကြွတော်မူကြပါကုန်၏၊

ယခုနေ့တိုင်အောင် ထို သပိတ်ခြေ လက်ကောက်တို့သည် မပျက်မစီးသေးပေ၊ ဤသပိတ်ခြေကိုလှူသော ကံ၏အကျိုးဆက်ကြောင့် ပိဋကတ်သုံးပုံဆောင်နိုင်ခြင်း၊ ပညာကြီးခြင်း ဖြစ်ရလေသည်။

အရှင်ပစ္စေကဗုဒ္ဓါအား အလုပ်အကျွေးပြုသော ကံအကျိုးဆက်ကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်ရလေ၏၊ (ဤအား ခုဇ္ဇုတ္တရာ၏ ဘုရားနှစ်ဆူကြား ဗုဒ္ဓန္တရအခါ လှူ၍ပြုသော ကံပေတည်း။)

ကဿပဘုရား ပွင့်တော်မူသောကာလ၌ ခုဇ္ဇုတ္တရာသည် ဗာရာဏသီ သူဌေးသမီးဖြစ်၏၊ မွန်းလွဲချိန်၌ ကြေးမုံ(မှန်)ဖြင့် မိမိကိုယ်ကို အလှပြင်နေခိုက် ရဟန္တာမအစ်ပါး ကြွလာစဉ်ကြုံ၍ အလှပြင်နေတုန်းကို လှမ်း၍ပေးပါဟုဆိုင်း၏၊ ရဟန္တာမသည် ဤသူဌေးသမီးကို ငါလှမ်း၍ မပေးခဲ့သော် ငါ့အပေါ်၌ ဒေါသပွား၍ ငရဲကျရောက်အံ့၊ လှမ်းပေးလျှင် နောက်ကာလ၌ အစေခံကျွန်မ ဖြစ်ရတော့မည်၊ ငရဲကျရောက်ထက် အစေခံ ကျွန်မ ဖြစ်ရသည်က ကောင်းသေးသည်ဟုကြံ၍ အလှပြင်သော တန်ဆာကိုယူ၍

WWW.DHAMMARANSI.COM



ပေးလေ၏။ ထိုအကျိုးဆက်ကြောင့် ခုံဇွတ်ကျွတ်လျှာသည် ယခုဘဝ အခုစခံ ကျွန်ုပ်အဖြစ် ဖြစ်လေ၏ဟု ဟောတော်မူလေ၏။

ဓမ္မပဒဒေသနာတော်

တစ်နေ့တွင် ရဟန်းတို့သည် သာမာဝတီနှင့်ခမည်းမဂါးမှ တို့၏အကြောင်းကိုသည်းကောင်း၊ မာဂဏ္ဍီ၏ ဆွေမျိုးနှင့် မာဂဏ္ဍီ၏အကြောင်းကိုလည်းကောင်း စကားစပ်၍ ပြောကြလေ...

မြတ်စွာဘုရားက...

'ရဟန်းတို့... မေ့မေ့လျော့လျော့ နေသော သူတို့အသည် အသက်တစ်ရာရှည်သော်ငြားလည်း သေသည်မည်ကုန်၏၊

မမေ့မလျော့ နေသောသူတို့သည် သေလွန်သော်ငြားလည်း အသက်ရှည်သည် မည်ကုန်၏၊

ထို့ကြောင့် မာဂဏ္ဍီသည် ရှင်သော်ငြားလည်း သေသည် မည်၏၊ သာမာဝတီ အမှူးရှိသော နန်းတွင်းသူ ငါးရာတို့သည် သေလွန်ကြသော်လည်း ရှင်သည်သာ မည်ကုန်၏၊

ရဟန်းတို့ မှန်၏၊ မမေ့မလျော့မှသာ သူတို့သည် မသေသောသူ မည်ကုန်၏'ဟူ၍ မိန့်တော်မူပြီး ဒေသနာတော် ဟောကြားတော်မူသည်မှာ...

၁။ အပ္ပမာဒေါ အမတပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။
၂။ ဧဝံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။
၃။ တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှပရက္ကမာ။
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

WWW.DHAMMARANSI.COM


(၁) မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သော သူတို့သည် သေသည်မရှိသည်ကဲ့သို့၊ မေ့လျော့သော သူတို့သည် သေသည့် ညီကုန်၏။

(၂) မမေ့လျော့သော သူတို့သည် ဤသို့ထူးခြားကြောင်းကို သိ၍ မမေ့မလျော့ခြင်းတရားသာတိုအရာ၌ ရွှင်လန်းဝမ်းမြောက်ကုန်လျက် အရိယာတို့၏ ကျက်စားရာ လောကုတ္တရာတရား ကိုးပါး၌ မွေ့လျော်ကြကုန်၏။

(၃) ထိုပညာရှိတို့သည် (သမထ ဝိပဿနာ ဈာန်နှစ်ပါးဖြင့်) ကိလေသာကို ရှို့မြိုက်ကုန်ပြီးလျှင် အမြဲမပြတ် လုံ့လပြုကုန်၍ စွဲနှံ့မဆုတ် လုံ့လထုတ်လျက် ယောဂလေးပါးတို့၏ ကုန်ရာ အတုမရှိ မြတ်သော နိဗ္ဗာန်သို့ ရောက်ကြကုန်၏။

## ဧတဒဂ်ဘွဲ့ ပေးအပ်ပွဲကြီး

ထိုနောက်တွင် မြတ်စွာဘုရား အခင်းသည့် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံး၍ ဓမ္မထိုင်ခံတော်မူလျက် ဥပါသိကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ထားတော်မူရာတွင်....

ခုဇ္ဇုတ္တရာ အရှင်မကို—

‘ရဟန်းတို့— အကြားအမြင် ဗဟုသုတ အများကြသည့် ငါဘုရား၏ တပည့်မ သာဝိကာ ဥပါသိကာတို့တွင် ခုဇ္ဇုတ္တရာသည် ဥပါသိကာတို့တွင် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏’ ဟု ချီးကျူး မိန့်မြွက်တော်မူကာ—

‘ဗဟုသုတ အကြားအမြင်များသော အရာ၌’ ဧတဒဂ် ရာထူး၌ ထားပေးတော်မူသည်။

WWW.DHAMMARANSI.COM



ထိုသို့ မြတ်စွာဘုရားက ဧတဒဂ်ရာထူး၌ ထားတော်မူအပ်သော (လောကုပ္ပတ္တိအဂ္ဂိဒါပတ္တ ခုဇ္ဇုတ္တရာ အရိယာသာဝိကာ) သည် သာမာဝတီကိုအား၊ တစ်ဖန် ပြန်ရသည် ဟောကြားအပ်သော သုတ်ပေါင်း ၁၁၂-သုတ်ရှိသော ဘုရားရှင်၏ စကားတော်အစဉ်ကို သံဂါယနာတင် အရှင်မြတ်တို့သည် 'ဣတိဝုတ္တက ပါဠိတော်' အမည်ဖြင့် သံဂါယနာ တင်တော်မူခဲ့ကြသည်။

သာမာဝတီမိဖုရားကိုအား....

'ရဟန်းတို့ မေတ္တာဈာန်ဖြင့် နေလေ့ရှိကြသည့် ငါဘုရား၏ တပည့်မ သာဝိကာ ဥပါသိကာတို့တွင် သာမာဝတီသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏'

ဟူ၍ချီးကျူး မိန့်မြွက်တော်မူသော 'မေတ္တာဝိဟာရီ ဧတဒဂ်' ရာထူး၌ ထားတော်မူအပ်သည်။

## ဆုတူး ပန်ဆင်ခဲ့သူ နှစ်ဦး

ဤခုဇ္ဇုတ္တရာနှင့် သာမာဝတီ အလောင်း အမျိုးသမီးတို့ နှစ်ဦးစလုံးပင်ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော် အခါ၌ ဟံသာဝတီပြည်တွင် သူဌေးသမီးများ ဖြစ်ကြ၏။ မြတ်စွာဘုရားကျောင်းတော်သို့ တရားနာသွားကြရာတွင် ဥပါသိကာ တစ်ယောက်ကို 'ဗဟုဿုတဧတဒဂ်' ရာထူး၌ ထားတော်မူသည်ကို ခုဇ္ဇုတ္တရာအလောင်း သူဌေးသမီးက တွေ့မြင်အားကျသော ကောင်းမှုကုသိုလ်များပြုပြီး ထိုရာထူး ဌာနန္တရကိုဆုတောင်း ပတ္တနာပြုခဲ့သည်၊ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား ကြားတော်မူခဲ့လေသည်။

WWW.DHAMMARANSI.COM

## သုဇာတာနှင့်ဃနာနို့ဆွမ်း

သုဇာတာ ဗလိပူဇော်မှုပြုလာခဲ့ရာမြတ်စွာဘုရားပွင့်တော် မူမည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်အား အကြိမ်ပေါင်း အနည်းဆုံး ၂၀ ကျော်မျှ ဗလိပူဇော်မှုပြုပြီး ဖြစ်သည်ဟု မှတ်ယူ ခန့်မှန်းဆင့်ပေ၏။

ဤနှင့်၊ မြတ်စွာဘုရား ဖြစ်တော်မူမည့် ထိုမဟာသက္ကရာဇ် ၁၀၃ ခုနှစ်ရောက်အချိန်၌ သုဇာတာသူဌေးကတော်၏သား ယသ ဆင်းရဲအားသည်ပင် အိမ်ထောင်ကျ၍ ပြာသာဒ် သုံး ဆောင်၌အလှည့်အလည်အာရုံဝါးပါးခံစားသုံးစွဲရှိနေပြီး

ဤသို့ အထူးမှာသမ်းခြင်းမှာ....

မြတ်စွာဘုရားဖြစ်မည့်နေ့၌ဃနာနို့ဆွမ်းကပ်လှူသော သုဇာတာကို အရွယ်ခပ်ငယ်ငယ်သူဌေးသမီးကလေးအနေဖြင့် ခန့်မှန်းတတ်ကြသောကြောင့် ဖြစ်၏။

(မဏာရဗုဒ္ဓဝင် ဆဋ္ဌမတွဲ တတိယပိုင်း၊ စာမျက်နှာ ၂၄၉-မှ)

---

## သက်သာစရာစဉ်အမှတ် (၁) ဒါနဝတ္ထုများ

၁။ မယ်လူရင်းငှားသာစေ့ ဒါနကြောင့် နေ့ချင်း သူဌေးကြီး ဖြစ်သွားသော ပုဏ္ဏဝတ္ထု၊ ၂။ သမီးဥတ္တရာကို ပြည့်တန်ဆာ သိရိမာက ဆီပူဖြင့်လောင်းသော ဝတ္ထု၊ ၃။ ရဟန်း ရှစ်ပါးနှင့် သိရိမာဝတ္ထု၊ ၄။ တုန်တို့ဆည့် အာနန္ဒာ သူဌေးကြီးဝတ္ထု၊ ၅။ မြတ်စောအလှူ အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားဝတ္ထု၊ ၆။ ဒါနကြောင့် နတ်ပြည်ရောက်ကြ သူများဝတ္ထု၊ ၇။ နန္ဒိယလူကြွယ်ဝတ္ထု၊ ၈။ ကုလ္လိသာဇာ၏ ဝတ္ထု၊ ၉။ မမ္ဗိကဥပါသကာ နတ်ပြည်သားခေါ်သော ဝတ္ထု။

WWW.DHAMMARANSI.COM

## သက်သာစာစဉ်အမှတ်(၂)အံ့မခန်းအံ့လျှောတော်ကြီးများ

၁။ ဇေတဝီကာသူဌေးကြီး၊ မေဏ္ဍကသူဌေးနှင့် ဆုတူးပန်ဆင်သူ ဒါးဦး၊ ဇာဏာဝလ္လိယဝတ္ထု၊ အံ့ဖွယ်ရှာ သုမနပန်းသည်အလျှုဝတ္ထု၊ ၉ ပုဒ်၊ ရှေးဘဝ အတိတ်ဝတ္ထုများနှင့် ရဟန္တာ ဖြစ်ကြသည်အထိ ပါရှိပါသည်။

## သက်သာစာစဉ် အမှတ် (၃) ကျောင်းအမကြီးဝိသာခါတွင်

ကျောင်းအမကြီးဝိသာခါ၏အမျိုးသမီးများ မွေးသားစရာဝတ္ထု၊ အရှင်ကုမာရကဿပမယ်တော်ဝတ္ထု၊ နိဂြောဓအမင်းဓမ်းဝတ္ထု၊ ကုမာရကဿပ ရဟန္တာဖြစ်ဝတ္ထု၊ အရှင်ဒဗ္ဗမလ္လပုတ္တရှိဝတ္ထု၊ အရှင်ဗာဟိယဝတ္ထု၊ ပုက္ကုသာတိမင်းကြီး၏လုံ့လဝီရိယဝတ္ထု၊ ဘဝဝဋ်ရှိကြွေး ပြေးလွှတ်သူများဝတ္ထု၊ သိကြားမင်းစည်းစိမ်နှင့် မဆဲသော သူပုဏ္ဏဒွါလူနှ စသည်ဖြင့် ၉ ပုဒ် ပါရှိပါသည်။

## သက်သာစာစဉ် အမှတ်(၄) သာမဏေကျော်များဝတ္ထုတွင်

ခုနစ်နှစ်သားနှင့် ရဟန္တာဖြစ်ကြသော သာမဏေကျော်များ၏ အံ့ဖွယ်ရှာ တန်ခိုးတော်များ။ ၁။ တိဿသာမဏေ၊ ၂။ ပဏ္ဍိတ သာမဏေ၊ ၃။ သံကိစ္စ သာမဏေ၊ ၄။ သုမန သာမဏေ၊ ၅။ သုခ သာမဏေ၊ ၆။ သာနု သာမဏေ၊ ၇။ ဝေဓဇ်ရ ရှင်ဖြေဝဏ၊ ၈။ ရှင်သီဝလိနှင့် သာမဏေကျော် လေးပါး ဝတ္ထု ၉ ပုဒ်။

## သက်သာစာစဉ်အမှတ် (၅) စိတ်ဝတ္ထုများတွင်

စိတ်ဆစ်ခုနိုင်၍ အရှုံးပိုင် နိဗ္ဗာန်ပေါက်ကြသော ပုဂ္ဂိုလ်များအကြောင်း၊ စက္ခုပါလမထေရ် ဝတ္ထု၊ မင်္ဂကုဏ္ဍလီ နတ်သားဝတ္ထု၊ ဝေတိဿမဟာအဓဝတ္ထု၊ ကုဒါလပဏ္ဍိတဝတ္ထု၊ ရှင်ဝံစ္စည်းကို ပြစ်မှားသော သောရေယျသူဌေးသားဝတ္ထု၊ ကောသမ္ဗက ပုဏ္ဏား စသည့် ဝတ္ထု ၉ ပုဒ်။

WWW.DHAMMARANSI.COM



ဆင်ခေတီအဆောင်၊ ရွှေငွေ့ထမီးဆည်ဆည်း မြတ်စွာဘုရားရှင်အား ဥပါသိကာမဆစ်ယောက်ကို မေတ္တာဖြန့်နေသော ရှိသောအလှဝယ် အဆာသုံး အမြတ်သုံး၊ (မေတ္တာဝိဟာရီ ဧတဒဂ်) ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျသော အစိမ်းရုံးတောင်းမှု ကုသိုလ်များ ပြုပြီးလျှင် ထိုရာထူး ဌာနန္တရကို ဆုတောင်းလေ့ရှိမှု ပြုခဲ့ရာ ပဒုမုတ္တရ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်သို့ ခံယူရရှိခဲ့လေသတည်း။

ထိုဘဝမှ စုတေ၍ နတ်ပြည်၌ဖြစ်ပြီးလျှင် လူ့ပြည် နတ်ပြည်တို့၌ ကမ္ဘာတစ်သိန်းလုံး မြင့်ကျင်လည်ရ၍ ဤဂေါတမ မြတ်စွာသို့ရောက်ခဲ့ပြီး ယခုအခါမှ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာချိန်ဝယ် ကောသမ္ဗီပြည် ဥဒေနမင်း၏ မိဖုရားဖြစ်လာခဲ့ပြီး ဧတဒဂ်တွဲရ ဥပါသိကာမ ဖြစ်လာခဲ့လေသတည်း။

ဤတွင် သာမာဝတီဝတ္ထု ပြီး၏။

WWW.DHAMMARANSI.COM

# နိဂုံး

ကျေးရွာအနှံ့ 'ဓမ္မပဒ ဝတ္ထုတော်များ' ပြန့်ပွားစေလိုသော စေတနာဆန္ဒဖြင့် (ဆက်သားစာစဉ်)အဖြစ် အမှတ်၁-မှ ၆-အထိ ထုတ်ဝေခဲ့ရာ မိမိ ရည်မှန်းချက် အောင်မြင်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

မိမိကိုယ်ကျိုးအတွက် လုံးဝမရည်ရွယ်၊ သာသနာ့ဓဇော် အကျိုး၊ ဗဟုသုတရှာမှီးလိုသူတို့ အတွက်သာ ရည်မှန်း၍ပြုစု ဖြန့်ဝေခဲ့ပါသည်။

ယခုတစ်ဖန် ဓမ္မမိတ်ဆွေများက အမှတ် (၁ မှ ၆) အထိ သာ ရပ်နားမထားဘဲ ဆက်လက်၍ ပြုစုထုတ်ဝေပါရန် စာ အထပ်ထပ်ဖြင့် အနှယ်နှယ် အရပ်ရပ်မှ တိုက်တွန်းကြသော ကြောင့် ဓမ္မပဒ ဆက်ရွေးစင် ဝတ္ထုများ အမှတ် (၇ မှ ၉) အထိ ဆက်လက် ပြုစုရေးသားရပါသည်။

ဤတွင် ကျောင်းသားအရွယ် လူငယ်စာပေးများပါ စိတ် ဝင်စား ဖတ်ရှုလေ့လာ၍ စိတ်နှလုံး ယဉ်ကျေးသိမ်မွေ့စေ ဗုဒ္ဓဘုရားတော်များနှင့် ထိုတွေ့နိုင်ရန် ရည်သန်ပြီး ရုပ်ပုံပေါင်း များစွာကို အကုန်အကျခံသော ထည့်သွင်းခဲ့ပါသည်။

ဦးလှခင် (ဆန်းညွန့်ဦး)
၁၉၈၇-ခု၊ ဇူလိုင်လ

WWW.DHAMMARANSI.COM

## သက်သာစာစဉ် အမှတ်(၆) ဒေါသ မာနဝတ္ထုများ

ဒေါသ မာနကြောင့် ဒုက္ခရောက်ကြရသော ဝတ္ထုများ။ ကောသမ္ဗီရဟန်းများ၏ဝတ္ထု၊ ပါလိလေယျဆင်မင်း၊ ဒီဃာဝုအတွက်အား တိဿရဟန်း၊ ဒေါသချုပ်တည်းနိုင်သမီး၊ ဆွေမျိုးတို့ ရေလုသောစစ် ဝတ္ထု၊ ဝိဋူဍဘဝတ္ထု ရှည်၊ ဗန္ဓုလစစ်သူကြီးနှင့် မလ္လိကာ မိဖုရား ဝတ္ထု စသည်ဖြင့် စိတ်ဝင်စားဖွယ်ရာ ဝတ္ထု(၉)ပုဒ် ပါ ရှိပါသည်။

## သက်သာစာစဉ် အမှတ်(၇) သာမာဝတီ၊ မာဂဏ္ဍီဝတ္ထု

ဥဒေနမင်းဝတ္ထု၊ ဃောသကသူဌေး၏အံ့ဖွယ်ရာ၊ သာမာဝတီ၊ ခုဇ္ဇုတ္တရာ၊ စဏ္ဍပဇ္ဇောတမင်း၊ မာဂဏ္ဍီ ရှေးဘဝ ပဋ္ဌာ ကြေးများ၊ အံ့ဖွယ်ဝတ္ထုများ။

## သက်သာစာစဉ်အမှတ်(၈)ကိကီမင်းကြီး သမီးတော်ခုနစ်ပါး

ဂေါတမဘုရားရှင်လက်ထက် အလွန်ကျော်ကြားသော တန်ခိုး ဣဒ္ဓိပါဒ်နှင့်ပြည့်စုံကြသည့် ရဟန္တာအရှင်မများ ဖြစ်ကြသည့် ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ ပဋာစာရီထေရီ တို့၏ ဘဝ အဆက်ဆက် အံ့မခန်း အဖြစ်ဆန်းများ။

## သက်သာစာစဉ် အမှတ်(၉) ကိကီမင်းကြီး၏သမီးတော်များ အဆက်။

ဘဒ္ဒါကုဏ္ဍလကေသီထေရီ၊ ကိသာဂေါတမီထေရီ၊ ဓမ္မဒိန္နာထေရီတို့၏ ဘုရားရှင်လက်ထက် ထူးချွန်ပြောင်မြောက်လှသော အောင်ပွဲ ရခဲ့ပုံများ။

ကြိုက်နှစ်သက်ရွေးချယ် ဖတ်ရှုတော်မူကြပါ။

ဒေါ်အေးတင်နှင့်သားများ၏ စကြာအေးစာပေမှ ရရှိနိုင်သော
စာအုပ်များစာရင်း၊ ၃၈ လမ်း၊ ၂၁၅ ရန်ကုန်မြို့။

| ဆရာကြီး ပီမိုးနင်းရေးသော စာအုပ်များ | ခွင့်ပြုချက်အမှတ် |
|---|---|
| ၁။ သားဂုဏ်ရည် | ၁၆၅၀ |
| ၂။ အောင်စိတ် | ၁၀၇ |
| ၃။ နိုတိကြီးပွားရေးလမ်းညွှန် | ၁၆၉၁ |
| ၄။ လွှတ်သက်ဝင်သက်/ကျင့်စဉ် | ၂၀၃ |
| ၅။ ချွေတာရေး | ၁၂၂ |
| ၆။ လူဖြစ်နည်းနှင့်စာက်လမ်း | ၁၀၄၇ |
| ၇။ အမျိုးသမီးလမ်းညွှန် | ၁၇၈၄ |
| ၈။ လူပျိုလမ်းညွှန် | ၁၇၉၁ |
| ၉။ အချစ်လမ်းညွှန် | ၆၇၄၄ |
| ၁၀။ ကြီးပွားအောင်မြင်ခြင်း | ၁၅၈၅ |
| ၁၁။ ဘဝတိုက်ပွဲ | ၁၅၀၇ |
| ၁၂။ စိတ်တန်ခိုးကျမ်း | ၈၈၁၅ |
| ၁၃။ ဟန်ကျပန်ကျ | ၁၅၅၈ |
| ၁၄။ လူမှုရေးရာ | ၁၃၁၃ |
| ၁၅။ ဣစ္ဆာသယစိတ်ပညာ | ၁၅၄၈ |
| ၁၆။ ကိုယ်ထူးကိုယ်ချွန် | ၁၄၇၆ |
| ၁၇။ သမီးဂုဏ်ရည် | ၉၇၄ |
| ၁၈။ စကားပြောနည်း | ၈၆၁ |
| ၁၉။ ချစ်မှုရေးရာ | ၁၈၂၅ |
| ၂၀။ တကယ့်လူချော | ၁၉၂၇ |
| ၂၁။ ကမ္ဘာ့အလင်းနှင့် လောကမျက်မှန် | ၄၅၆ |
| ၂၂။ လောကီလမ်းညွှန် | ၂၂၂၂ |
| ၂၃။ ထိုးတက်အောင်မြင်ကြီးပွားလိုလျှင် | ၂၁၆၉ |
| ၂၄။ အရင်းမစိုက်လေ့ထိုးလိုက်နှင့် လူစွမ်းလူစ | ၅၄၇ |
| ၂၅။ သုခချမ်းသာ[illegible] | ၁၃၉ |

WWW.DHAMMARANSI.COM